The Mirror

၁၃၇၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ (10-12-2008) (၅၈၈၈)

**ပူဇာစ ပူဇ နေယျာနံ တေံ မင်္ဂလ မုတ္တမံ**

**ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သောမင်္ဂလာ မည်၏။**

**တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့ မြိတ်မြို့ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန မြိတ်စခန်းရှိ ငါးလုပ်ငန်းဆိပ်ခံတံတားတွင် ကြည့်ရှုစစ်ဆေးကြစဉ်။** (ပို့ဆောင်ရေး)





# တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ဝန်ကြီးများ တနင်္သာရီတိုင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော်　　ဒီဇင်ဘာ　　၉

**တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းတွင် ကော့သောင်းမြို့မှ အမြန်ရေယာဉ်ဖြင့် ဘုတ်ပြင်းမြို့နယ် ဝါးကျွန်းစံပြကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာအတွင်း ကြည့်ရှုစစ်ဆေးကြသည်။**

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် အဏ္ဏဝါစိုး အအေးခန်းစက်ရုံ၏ အအေးခန်း၌ ပုစွန်မျိုးစုံနှင့် ကင်းမွန်တို့အား ကုန်ချောထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြပြီး မွန်းလွဲပိုင်းတွင် မြိတ်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် မြိတ်မြို့ ပုလဲရတနာခန်းမ၌ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးများသည် ကျွန်းစုမြို့နယ် ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်၏ ငါး၊ ပုစွန် တန်(၁၀၀၀) အအေးခန်းစက်ရုံသို့ သွားရောက်ကြပြီး ငါး၊ ပုစွန်၊ ကဏန်းပျော့၊ ကဏန်းနီများ၏ ကုန်ချောထုတ်လုပ်မှု၊ ကမ်းရိုးတန်းသွား ငါးဖမ်းစက်လှေများကို မြေပေါ်လွန်းကျင်း၌ အသစ်တည်ဆောက်နေမှု၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ❁ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ❁ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ❁ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ❁ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ❁ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❁ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ❁ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❁ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

- ❁ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ❁ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ❁ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ❁ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အများနည်းတူ အောင်မြင်မှုတံခွန်ထူနေသည့် ချင်းပြည်နယ်၏ ပညာရေး

ကွင်းဆင်းသတင်း - တင်ဝင်းလေး(ကြည့်မြင်တိုင်)
မှတ်တမ်းဓာတ်ပုံ - ဌေးအောင်(ကြေးမုံ)

**ကျွန်တော်တို့သတင်းအဖွဲ့သည် ချင်းပြည်နယ်၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တင်ပြနိုင်ရန် ချင်းပြည်နယ်၏ မြို့တော် ဟားခါးမြို့သို့ ရောက်ရှိခဲ့သည်။**



သတင်းရယူရန် နံနက်စောစော ပြည်ထောင်စုရိပ်သာမှအထွက် တဖွဲဖွဲကျနေသော မိုးနှင်းများကြား အအေးဒဏ်ကို အန်တုကာ ကျောင်းအသီးသီးသို့ စာသင်ကြားရန် သွားနေကြသော ကျောင်းသား၊

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❐**

**ပညာရည် မြင့်မားရေးအတွက် ခေတ်မီနည်းစနစ်ဖြစ်သော သင်ထောက်ကူ ပစ္စည်းများဖြင့် ကျောင်းသား၊ကျောင်းသူများ လက်တွေ့ သင်ကြားလျက်ရှိသည်ကို တွေ့ရစဉ်။**

အတည်ပြုချိန် - ၂း၁၀

ကြေးမုံ The Mirror

၁၀-၁၂-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ကြက်ငှက်တုပ်ကွေး ကြိုတင်ကာကွယ်ရေး အလေးထား

ဆောင်းဝင်စ ရာသီချိန်တွင် ဆောင်းခိုငှက်များမှတစ်ဆင့် ကြက်ငှက်တုပ်ကွေးရောဂါကျရောက် ကူးစက်မှုများ စတင်ဖြစ်ပေါ်လေ့ရှိသည်။ ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ပိုး $H_5N_1$ သယ်ဆောင်လာတတ်သည့် ဆောင်းခိုငှက်များ၊ ရေကြက်များ ပျံသန်းရာ လမ်းကြောင်းတစ်လျှောက်တွင် ရောဂါပိုးများ ကျရောက်ကူးစက်နိုင်သဖြင့် ရောဂါမဖြစ်ပွားရေး သတိပြုကာကွယ်သွားကြရမည်ဖြစ်သည်။

ကမ္ဘာ့နိုင်ငံပေါင်း ၆၂ နိုင်ငံတွင် ၂၀၀၃ ခုနှစ်မှစ၍ ကြက်ငှက်တုပ်ကွေးရောဂါကျရောက်ခဲ့ရာ ကြက်ကောင်ရေ သန်းသုံးရာခန့် ဖျက်ဆီးခဲ့ရပြီး လူပေါင်း နှစ်ရာကျော် သေဆုံးခဲ့ရကြောင်း သိရသည်။

ကြက်ငှက်တုပ်ကွေးရောဂါအများဆုံး ဖြစ်ပွားခဲ့သောဒေသမှာ အာရှတိုက်ဒေသတွင်းနိုင်ငံများ ဖြစ်သည်။ ယခုအခါ အိမ်နီးချင်းနိုင်ငံအချို့၌ အဆိုပါရောဂါဖြစ်ပွားလျက်ရှိရာ ကြက်နှင့်ကြက်ထွက်ပစ္စည်း သယ်ဆောင် ရောင်းဝယ်မှုများမှတစ်ဆင့် ကူးစက်ပျံ့နှံ့မှု မရှိစေရေး ဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံအတွင်း၌ ၂၀၀၆ ခုနှစ်က စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် ၂၀၀၇ ခုနှစ်က ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်တို့ရှိ မြို့နယ်အချို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်ခဲ့သော်လည်း ရောဂါပိုးတွေ့ရှိသည့် ကြက်၊ ဘဲ၊ ငုံးများအား အချိန်မီ ဖျက်ဆီးနိုင်ခဲ့ပြီး ရောဂါကူးစက်မှုကိုလည်း အလျင်အမြန်ထိန်းချုပ် ဆောင်ရွက်နိုင်ခဲ့သည်။

ယခုကဲ့သို့ ဆောင်းရာသီချိန်၌ ကြက်ငှက်တုပ်ကွေးရောဂါ ပြောက်ကျားဖြစ်ပွားနေသော ဒေသများမှ နယ်စပ်ဖြတ်ကျော် ကြက်၊ ဘဲ သားပေါက်များ၊ ကြက်ဥ၊ ဘဲဥများ၊ ကြက်ထွက်ပစ္စည်းများ တရားမဝင် ရောက်ရှိမလာစေရေး၊ လက်ခံခြင်း မပြုရေး ဂရုပြုတားဆီးကြရမည်ဖြစ်သည်။ ထို့အပြင် ဆောင်းခိုငှက်များ ဖြတ်သန်းနားခိုသည့်နေရာများအား အိမ်မွေးတိရစ္ဆာန် ခွေး၊ ကြောင်များ၊ မွေးမြူရေးတိရစ္ဆာန် ကြက်၊ ငှက်၊ ဘဲ၊ ဝက်များနှင့် မထိတွေ့စေရေး သီးခြားကန့်သတ်ထားရှိကြရမည်ဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံအနေဖြင့် ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေး၊ ကာကွယ်တားဆီးနိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းစီမံဆောင်ရွက်လျက်ရှိရာ ကြက်၊ ဘဲ မွေးမြူထုတ်လုပ် သယ်ယူရောင်းချသူများ၊ မွေးမြူရေးလုပ်ငန်းရှင်များကလည်း ရောဂါကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်များနှင့်အညီ လိုက်နာကြပြီး တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် ပူးပေါင်းပါဝင် ကူညီကြခြင်းဖြင့် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခြင်းမှ ကင်းဝေးကြမည်ဖြစ်ပါသည်။ ။

## ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၉

**ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် တက်ရောက်အမှာစကား ပြောကြားသည်။**



**ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

ထို့နောက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်မြင့်၊ ဦးလှမြင့်ဦး၊ ဦးဝင်းအောင်၊ ဦးစိုးဦး၊ ဦးညီထွန်းနှင့်ဦးကျော်အောင်တို့ကဆွေးနွေးမှာကြားကြသည်။

ဆက်လက်၍ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရှိ ဦးစီးဌာနများနှင့် တက္ကသိုလ်များ၌ လုပ်ငန်းများဆောင်ရွက်ခဲ့မှု အခြေအနေများနှင့် ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ပါမောက္ခချုပ် ဦးဝင်းမောင်၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်ဆန်းဝင်း၊ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပါမောက္ခချုပ်ဦးဇော်မင်းသိန်း၊ဝန်ထမ်းရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇံလှနှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေမြင့်တို့က အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်က ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ ညှိနှိုင်းအစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

## အင်းမအထက အာစရိယပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၉

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် သဲကုန်းမြို့နယ် အင်းမမြို့ အထကတွင် ပညာသင်ကြားပေးခဲ့ပြီး သက်ပြည့်အငြိမ်းစားယူသွားကြသော ဆရာကြီး၊ ဆရာမကြီးများအား(၂၂) ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ ရက်မွန်းတည့် ၁၂ နာရီတွင်အင်းမမြို့ အထက သီတဂူခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အာစရိယပူဇော်ပွဲသို့ တက်ရောက်ကြပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဦးသိန်းအောင် (အင်းမ) ဖုန်း-၀၅၃-၃၈၄၀၀ လိုင်းခွဲ ၇၉၊ ဦးထွန်းဝင်း (အင်းမ) ဖုန်း-၀၉၅၃၁၂၁၄၈၊ ဦးမျိုးထွန်းအောင် ဖုန်း-၀၁-၅၈၆၉၁၈၊ ဒေါ်စန်းစန်းမြင့် ဖုန်း-၀၉-၅၀၀၂၉၅၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်(ကြေးမုံ)



**အမှတ်(၂) အခြေခံပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးအေးလွင် မန္တလေးတိုင်းအခြေခံပညာ မူလတန်းနှင့် အလယ်တန်း အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ် စွမ်းရည်ပြိုင်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

## အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာဆိုတော်နေ့ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၉

အင်းစိန်မြို့နယ်(၁၃၇၀)ပြည့်စာဆိုတော်နေ့ အခမ်းအနားနှင့် ဖော့ကန်ရပ်ကွက် စာကြည့်တိုက် ဖွံ့ဖြိုးရေး အထိမ်းအမှတ် စာပေဟောပြောပွဲကို ဒီဇင်ဘာ ၆ ရက်(စနေနေ့)ည ၇နာရီတွင် ဖော့ကန်ရပ်ကွက်၊ သုခလမ်း၊ ဓမ္မာရုံအနီး၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် သဘာပတိ အင်းစိန်မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းဝေ(ဒါရိုက်တာဘုန်းဝေ)ကအဖွင့်အမှာစကားပြောကြားပြီး အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ဆွေက အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌထံမှ ပေးပို့သော စာဆိုတော်နေ့သဝဏ်လွှာကို အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့အတွင်းရေးမှူး ဦးသန်းစိုး(မြတ်လွမ်းနောင်-ပုတီးကုန်း)က ဖတ်ကြားသည်။ စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို ဆက်လက်ကျင်းပရာ အခမ်းအနားမှူးအဖြစ် ဒေါ်ကြည်ကြည်ဆွေ (နွေးနွေးစိမ့်)ကဆောင်ရွက်ပြီးစာရေးဆရာများဖြစ်ကြသည့် ဒါရိုက်တာ မောင်ယဉ်ကျော်၊ ကိုရွှေအောင်သင်း၊ ချစ်ဦးညိုတို့ကစာပေရေးရာများ ဟောပြောကာ (၆၄)နှစ်မြောက်စာဆိုတော်နေ့ကိုဂုဏ်ပြုကြကြောင်း သိရသည်။ (၃၂၃)



**ရန်ကင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးဖွင့်လှစ်သည့် သဘာဝဘေးကြိုတင်ကာကွယ်ရေး စီမံခန့်ခွဲမှုဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၈ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးကိုကိုအောင် အဖွင့်အမှာစကား ပြောကြားစဉ်။** (၃၅)

## အခြေခံပညာအဆင့် အင်္ဂလိပ်စာနှင့်သင်္ချာဘာသာရပ် စွမ်းရည်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၉

အမှတ်(၂) အခြေခံပညာဦးစီးဌာန မန္တလေးတိုင်းအခြေခံပညာ မူလတန်းနှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ်စွမ်းရည်ပြိုင်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားများကို ဒီဇင်ဘာ ၇ ရက် နံနက် ၉ နာရီတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်းပညာရတနာခန်းမ၌ကျင်းပရာ အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင် တက်ရောက်အားပေးသည်။

ရှေးဦးစွာ အင်္ဂလိပ်စာ စွမ်းရည်ပြိုင်ပွဲကို ကျင်းပရာ အဋ္ဌမတန်း ကျောင်းသား၊ကျောင်းသူများက My Ambitionခေါင်းစဉ်ဖြင့်လည်းကောင်း၊ သတ္တမတန်း ကျောင်းသား၊ ကျောင်းသူများက My Home Town ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စတုတ္ထတန်း ကျောင်းသား၊ ကျောင်းသူများက My Family ခေါင်းစဉ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်ဖြေဆိုကြသည်။ ယင်းနောက် အင်္ဂလိပ်စာ စွမ်းရည်ပြိုင်ပွဲ ကျပန်းစကားပြောနှင့် နှုတ်ဖြေတို့ကို စစ်ဆေးပြီး ဆုရရှိကြသူများအား ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်၊ မန္တလေး ပညာရေးကောလိပ် ကျောင်းအုပ်ကြီး ဦးတင်မောင်သန်း၊ မန္တလေးတိုင်း တိုင်းပညာရေးမှူး ဦးအောင်ဆွေတို့က ဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ သင်္ချာဘာသာရပ်ပြိုင်ပွဲတွင် ဆုရရှိကြသူများအား မန္တလေး ပညာရေးကောလိပ်သင်ကြားရေးဌာနမှူး ဒေါ်ကြည်ကြည်မာ၊ မန္တလေးတိုင်းပညာရေးမှူး (စစ်ဆေးရေး) ဦးစိုးနိုင်နှင့် လက်ထောက် တိုင်းပညာရေးမှူးဒေါ်မိုးသန်းတို့က ဆုများချီးမြှင့်ကြသည်။

မန္တလေးတိုင်းအခြေခံပညာကျောင်းများ စတုတ္ထတန်း၊ သတ္တမတန်း၊ အဋ္ဌမတန်း သင်္ချာနှင့် အင်္ဂလိပ်စာ စွမ်းရည်ပြိုင်ပွဲတွင် မန္တလေးတိုင်းအတွင်းရှိ မြို့နယ် ၃၀ မြို့နယ်မှ စတုတ္ထတန်းအင်္ဂလိပ်စာတွင် ၄၇ ဦး၊ သင်္ချာဘာသာတွင် ၄၉ ဦး၊ သတ္တမတန်းအင်္ဂလိပ်စာတွင် ၄၆ ဦး၊ သင်္ချာဘာသာတွင် ၄၆ ဦး၊ အဋ္ဌမတန်း အင်္ဂလိပ်စာတွင် ၄၈ ဦး၊ သင်္ချာဘာသာတွင် ၅၀ စုစုပေါင်း ၂၈၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ကျုံဒိုး အထက အာစရိယပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၉

ကျုံဒိုးမြို့အထကတွင်ပညာသင်ကြားပို့ချပေးခဲ့ကြသည့် အသက်(၆၀)ပြည့် အငြိမ်းစားဆရာ၊ ဆရာမကြီးများအား ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၂၈ရက်(တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် ကျုံဒိုးအထကခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ဂါရဝပြုနိုင်ရန် ဖိတ်ကြားထားသည်။ (ကြေးမုံ)

**✳ ရှေ့ဖုံးမှ**

သစ်ခွဲစက်၌ သစ်များခွဲစိတ်နေမှု၊ တန် ၂၀၀ ငါးအမှုန့်ကြိတ်စက်ရုံနှင့် မွေးမြူရေးကန်၌ ကဏန်းပျော့များ စနစ်တကျ မွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

တိုင်းမှူးနှင့် ဝန်ကြီးများသည် ဒီဇင်ဘာ ၈ ရက် နံနက် ၈ နာရီတွင် မြိတ်မြို့ Vantage Co., Ltd. ၏ ဆိပ်ခံတံတား၌ ကမ်းနီးကမ်းဝေး ငါးဖမ်းစက်လှေများ ဝင်ရောက်ဆိုက်ကပ်မှု၊ စက်မှုဇုန်ရှိ Vantage ငါးအမှုန့်ကြိတ်စက်ရုံ၌ ငါးအမှုန့်ကြိတ်ပြီး ကုန်ချောများ ထုတ်လုပ်နေမှု၊ ထင်းများမှ ထင်းမီးဘွိုင်လာ အပူပေးစနစ်အခြေအနေ၊ အအေးခန်းစက်ရုံ၌ ငါး၊ ပုစွန်၊ ကင်းမွန်များအား ကုန်ချောထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် မြိတ်မြို့သစ်၌ ပြည့်ဖြိုးထွန်းအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်မည့် ကဘင်းရေလှောင်တမံ စီမံကိန်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးများသည် ကျောက်ဖျာ အထူးဆိပ်ကျေးရွာအနီး၌ မြိတ်မြို့သစ် ဖော်ထုတ်နေမှုအခြေအနေ၊ အဏ္ဏဝါစိုး ကုမ္ပဏီ ဆိပ်ခံတံတားတည်ဆောက်နေမှု၊ ပြီးစီးမှုနှင့် ကမ်းနီးကမ်းဝေး ရေယာဉ်များ ဝင်ရောက်ဆိုက်ကပ်နိုင်မှုအခြေအနေ၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန မြိတ်စခန်းရှိ ငါးလုပ်ငန်းဆိပ်ခံတံတား တည်ဆောက်ပြီးစီးမှုနှင့် ငါးလုပ်ငန်းဦးစီးဌာနပိုင် ငါးဖမ်းစက်လှေများ ဝင်ရောက်ဆိုက်ကပ်နိုင်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ရန်ကုန်တက္ကသိုလ် သချာၤမိသားစု အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၉**

ရန်ကုန်တက္ကသိုလ်သချာၤဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ကြီးဆရာကြီး၊ ဆရာမကြီးများအား (၁၁)ကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီခွဲတွင် Western Park Royal (ကန်တော်ကြီးဝင်း မဟာမြိုင်ကျွန်း)၌ ကျင်းပမည်ဖြစ်သည်။ မိတ်ဆုံစားပွဲလက်မှတ် မရရှိသေးသူများ အဆိုပါနေ့တွင် ဝယ်ယူတက်ရောက်နိုင်ပါကြောင်း သတင်းရရှိသည်။

**စုံစမ်းနိုင်**

အလှူငွေနှင့်ပစ္စည်းများကို ရန်ကုန်တက္ကသိုလ်သချာၤဌာန ဖုန်း-၀၁-၅၃၆၃၇၆၊ ဒေါက်တာဒေါ်ဝင်းကြည် ဖုန်း-၀၉-၅၀၂၀၈၀၂၊ ဦးမောင်မောင်မြင့် ဖုန်း-၀၁-၇၀၄၈၄၉၊ ဦးကျော်သန်း(ခ)ကိုဂျေကာ ဖုန်း-၀၁-၂၂၅၇၄၄၊ ဦးအေးသိန်း ဖုန်း-၀၉-၅၀၃၃၁၀၀၊ Capt. သန့်ဇော် (EASTWIND) ဖုန်း-၀၉-၅၁၇၇၁၅၉၊ ဦးသိန်းအောင် ဖုန်း-၀၉-၅၁၅၇၆၉၀၊ ဒေါ်ကြည်ကြည်အေး ဖုန်း-၀၁-၅၄၅၅၄၉၊ ဒေါ်စွမ် ဖုန်း-၀၁-၂၂၃၃၂၅၊ ဒေါ်ကျော့စိန် ဖုန်း-၀၉-၅၀၂၁၃၃၄၊ ဒေါ်ခင်သန်းဆွေ ဖုန်း-၀၉-၈၀၃၄၄၆၈၊ ဦးမင်းထွန်း ဖုန်း-၀၉-၅၁၃၈၀၉၅၊ ဦးကျော်လင်းခိုင် ဖုန်း-၀၉-၈၆၀၁၀၉၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

## အမြတ်တရားလေးပါး

ကျန်းမာခြင်းသည် မြတ်သော လာဘ်ကြီး ဖြစ်သည်။
ရောင့်ရဲခြင်းသည် မြတ်သော ကိုယ်ပိုင် ဥစ္စာဖြစ်သည်။
ချစ်ကျွမ်းဝင်သူသည် မြတ်သော ဆွေမျိုး ဖြစ်သည်။
နိဗ္ဗာန်သည် မြတ်သော ချမ်းသာ ဖြစ်သည်။ (ဓမ္မပဒ-၂၀၄)



## အထက(သုဝဏ္ဏ) မြတ်ဆရာပူဇော်ပွဲ ပထမအကြိမ် အလှူငွေပေးအပ်

**ရန်ကုန် ဒီဇင်ဘာ ၉**

ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် အထက(သုဝဏ္ဏ) ကျောင်းသားဟောင်းများက ကြီးမှူး၍ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၁ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အထက(သုဝဏ္ဏ)၌ ကျင်းပမည်ဖြစ်ရာ အာစရိယပူဇော်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပထမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၇ ရက် နံနက် ၉ နာရီတွင် ကျောင်းကွန်ပျူတာခန်းမ၌ကျင်းပရာ အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီ နာယကများဖြစ်ကြသော ဦးခင်ဝေ၊ ဦးလှတင်၊ ဒေါ်ရီရီမြင့်၊ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးမြင့်စိုး၊ ဒုတိယဥက္ကဋ္ဌ ဦးစိုးပိုင်နှင့် ဦးအေးနိုင်၊ အတွင်းရေးမှူး ဦးသန်းထိုက်အေး၊ ဘဏ္ဍာရေးမှူး ဗိုလ်မှူးအောင်မြတ်(ငြိမ်း)နှင့် ကျင်းပရေး ကော်မတီဝင်များ၊ အလှူရှင် ကျောင်းသားဟောင်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဦးမြင့်စိုး(ကီတိုဖိနပ်လုပ်ငန်း)၊ ဦးစိုးပိုင်(သီဟသစ်ခွဲစက်)၊ ဦးဥက္ကာအေး (အလင်္ကာဝတ်ရည်စာပေတိုက်)တို့မှ ငွေကျပ်တစ်သိန်းစီအပါအဝင် စုပေါင်းလှူဒါန်းငွေကျပ်သိန်းနှစ်ဆယ် လှူဒါန်းသည်။ **(အပေါ်ပုံ)**

ဒုတိယအကြိမ် အလှူငွေ ပေးအပ်ပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျင်းပမည်ဖြစ်ရာ အထက(သုဝဏ္ဏ)၌ ၁၉၆၅ ခုနှစ်မှစ၍ ၂၀၀၈ ခုနှစ်အထိ ပညာသင်ကြားခဲ့ဖူးသူများအားလုံး အလှူငွေများ ထည့်ဝင် လှူဒါန်းနိုင်သည်။ (ကြေးမုံ)

## အာဆီယံဆူဇူကီးဖလား ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၉**

၂၀၀၈ ခုနှစ် အာဆီယံဆူဇူကီးဖလား ဘောလုံးပြိုင်ပွဲ အုပ်စု (က) ပွဲစဉ်များကို ယနေ့ ဒေသစံတော်ချိန် ည ၇ နာရီတွင် စတင်ယှဉ်ပြိုင်ကစားကြရာ မြန်မာ့လက်ရွေးစင်အသင်းက ကမ္ဘောဒီယား လက်ရွေးစင် ဘောလုံးအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

## နေ့တိုင်း လမ်းလျှောက်ကြပါစို့

လူတိုင်းကျန်းမာ၊ သက်ရှည်ရာကို
သေချာကျန၊ လိုက်နာကြသော်
သောကလည်းရှင်း၊ ရောဂါကင်း၍
လက်ငင်းကျန်းမာ၊ စိတ်ချမ်းသာ၏
မကွာနေ့ည၊ လမ်းလျှောက်ကြလော့။
ပြေးပြေးလွှားလွှား၊ ဆော့ကစားသည့်
သားသားမီးမီး၊ ဖွံ့ထွားကြီးသို့
ကြီးကြီးငယ်ငယ်၊ မျိုးစုံရွယ်တို့
အရွယ်ချိန်ဆ၊ လမ်းလျှောက်ကြသော်
လျော့ကျသွေးတိုး၊ ပျော်ရွှင်တိုး၍
အရိုးကြွခိုင်၊ နှလုံးခိုင်၏
ထိန်းနိုင်ဝခြင်း၊ ချိုဓာတ်ကင်း၍
သွေးတွင်းအဆီကျ၊ လူလည်းလှ၏
ကာယကြွက်သား၊ သန်စွမ်းထွား၍
ပေါ့ပါးသွက်လက်၊ ဉာဏ်ရည်ထက်အောင်
ရက်ဆက်လမ်းလျှောက်ကြပါစို့။ ။

**ပန်းတောင်းသန်းကြွယ်**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၀-၁၂-၂၀၀၈ (ဗုဒ္ဓဟူးနေ့)**

| AM & PM | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | "မရွေးလေးပါး" တရားတော် (ပွင့်ဖြူဆရာတော် ဘဒ္ဒန္တကုဿရိယ) |
| ၈း၀၅ - ၂း၀၅ | အဏ္ဏဝါထဲမှ ရတနာ(ကဏန်းပျော့) |
| ၈း၂၀ - ၂း၂၀ | သီချင်းကောင်းကောင်းသီချင်းတောင်း |
| ၈း၄၅ - ၂း၄၅ | Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဦးတင်အောင်ရွှေ(သုတေသီ)] |
| ၉း၁၀ - ၃း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၀ - ၃း၂၀ | Diploma Guide (အနုပညာကွန်ပျူတာဒီပလိုမာသင်တန်း) |
| ၉း၄၅ - ၃း၄၅ | တေးဂီတအစီအစဉ် |
| ၉း၅၀ - ၃း၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၅၅ - ၃း၅၅ | တောင်ပေါ်လက်ဖက်နတ်သစ်ရွက် |
| ၁၀း၁၀ - ၄း၁၀ | Golf ချစ်သူများအတွက် သတင်းအချက်အလက် |
| ၁၀း၂၀ - ၄း၂၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၂၅ - ၄း၂၅ | တေးဂီတအစီအစဉ် |
| ၁၀း၃၀ - ၄း၃၀ | နောက်မကျရအောင် (မင်းသူ၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ -ကြည်စိုး) |
| ၁၀း၄၀ - ၄း၄၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၅၀ - ၄း၅၀ | တေးဂီတအစီအစဉ် |
| ၁၀း၅၅ - ၄း၅၅ | Cartoon Show Time (Ratatouille) |
| ၁၁း၃၀ - ၅း၃၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၃၅ - ၅း၃၅ | တေးဂီတအစီအစဉ် |
| ၁၁း၄၀ - ၅း၄၀ | New Zero Art မှ အခမဲ့ပန်းချီစေတနာ |
| ၁၁း၅၅ - ၅း၅၅ | တေးဂီတအစီအစဉ် |
| ၁၂း၀၅ - ၆း၀၅ | သစ်သီးဝလံပေါပြည့်ဝေသော တို့မြေမှာ (ဒူးရင်း၊ မင်းကွတ်၊ ကြက်မောက်) |
| ၁၂း၂၀ - ၆း၂၀ | ရင်းသွေးငယ်များကြည့်ရှုစရာ Cartoon Animation ပုံပြင်စာအုပ်မှာ |
| ၁၂း၄၅ - ၆း၄၅ | Activities In The City (တက္ကသိုလ်များခြေလျင်နှင့် တောင်တက်အသင်း၏ ဂုဏ်ပြုပွဲအခမ်းအနားများ) |
| ၁း၀၀ -၇း၀၀ | MRTV-4 အပိတ် Logo |

**MRTV-4** အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

### Champions League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၂း၀၀ | Man Utd-Aalborg | ESPN (Live) |
| | FC Porto -Arsenal | STAR SPORTS (Live) |

### Suzuki Cup ဘောလုံးပွဲစဉ်

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၇း၀၀ | Thailand- Malaysia | STAR SPORTS (Live) |




**ဒီဇင်ဘာ ၇ ရက်က အထက(၁) လသာ ဗဟိုစံပြခန်းမဆောင်၌ ကျင်းပသော မိဘဆရာအသင်း ကျောင်းအကျိုးဆောင်အဖွဲ့ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၌ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် အထက(၁)လသာမှ မြန်မာတစ်နိုင်ငံလုံး တက္ကသိုလ်ဝင်တန်း ပထမဆုဆွတ်ခူးရရှိသူ မောင်ဖြိုးအောင်ကျော်အား ကျောင်းအုပ်ဆရာကြီး ဦးစိုးမြင့် ဂုဏ်ပြုဆု ချီးမြှင့်စဉ်။** (၄၁)

## အီရတ်မှ အဇာဘိုင်ဂျန်တပ်ဖွဲ့ ပြန်လည်ရုပ်သိမ်း

**မော်စကို ဒီဇင်ဘာ ၉**

အဇာဘိုင်ဂျန်နိုင်ငံသည် အီရတ်နိုင်ငံတွင် တာဝန်ထမ်းဆောင်နေသော ၎င်း၏တပ်ဖွဲ့ဝင် ၁၅၀ ကို တနင်္ဂနွေနေ့က ပြန်လည် ရုပ်သိမ်းခဲ့ကြောင်း ဘာကူမြို့မှ ရောက်ရှိလာသော သတင်းများတွင် ဖော်ပြသည်။

အဆိုပါ အဇာဘိုင်ဂျန်တပ်ဖွဲ့ကို အီရတ်နိုင်ငံရှိ ဆည်တစ်ခုနှင့် ရေအားလျှပ်စစ်စက်ရုံတစ်ခုကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ပေးထားသည်။ နိုဝင်ဘာ ၁၁ ရက်က ကျင်းပသော ပါလီမန် အစည်းအဝေးဆုံးဖြတ်ချက်အရ ၎င်းတို့ကို ပြန်လည်ခေါ်ယူခြင်းဖြစ်ကြောင်း အဇာဘိုင်ဂျန်ကာကွယ်ရေးဝန်ကြီးဌာန၏ ကြေညာချက်ကို ကိုးကား၍ ရုရှားအင်တာဖက်စ်သတင်းဌာနက ဖော်ပြသည်။

အဇာဘိုင်ဂျန်နိုင်ငံသည် ကိုဆိုဗိုမှ ၎င်း၏တပ်ဖွဲ့ကို မတ်လအတွင်းက ပြန်လည်ခေါ်ယူခဲ့သည်။ အာဖဂန်နစ္စတန်တွင် ၎င်း၏ တပ်ဖွဲ့ဝင် ၉၀ တာဝန်ထမ်းဆောင်နေဆဲဖြစ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***



## ပါကစ္စတန်တွင် အာဖဂန်ပို့မည့်ကားအစီး ၅၀ မီးရှို့ခံရ

**အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၉**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း မြို့တော်ပက်ရှာဝါမှ နောက်ထပ်ကားရပ်နားစခန်းတစ်ခုကို စစ်သွေးကြွများက တနင်္လာနေ့တွင် မီးရှို့ဖျက်ဆီးလိုက်သည်။ ယင်းကားစခန်းအတွင်းရှိ အာဖဂန်နစ္စတန်သို့ပို့မည့် မော်တော်ယာဉ်များနှင့် ကွန်တိန်နာအစီး ၅၀ခန့် ပျက်စီးသွားကြောင်း ပုဂ္ဂလိကသတင်းဌာန အန်အန်အိုင်က ဖော်ပြသည်။

မော်တော်ယာဉ်များနှင့် ကွန်တိန်နာများပေါ်တွင် အာဖဂန်နစ္စတန်ရှိ နိုင်ငံစုံတပ်ဖွဲ့များထံပို့မည့် ပစ္စည်းများ တင်ဆောင်ထားသည်။ အဆိုပါ ကားစခန်းမှာ ပက်ရှာဝါမြို့၏ ဆိုင်လမ်ကားစခန်းဖြစ်ကြောင်း အန်အန်အိုင်က ရဲတပ်ဖွဲ့၏ သတင်းများကို ကိုးကားဖော်ပြသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## အရပ်သားများကို သတ်ဖြတ်မှုအတွက် ဘလက်ဝါးတားအစောင့်များအား သေဒဏ်ပေးစေလို

**ဘဂ္ဂဒက် ဒီဇင်ဘာ ၈**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အီရတ်ပြည်သူများအား ပစ်သတ်ခဲ့ကြသော အမေရိကန် လုံခြုံရေးကုမ္ပဏီ ဘလက်ဝါးတားမှ အစောင့်များအား သေစားသေစေ ပြစ်ဒဏ်ချမှတ်စေလိုသည်ဟုသေဆုံးသူများ၏ ကျန်ရစ်သူ ဆွေမျိုးများက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အနောက်ပိုင်း ရာမာဒီမြို့တွင် ပေါက်ကွဲမှု ဖြစ်ပွားနေသည်ကို တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

### မကြာမီထုတ်ပြန်မည်

၂၀၀၇ ခုနှစ်က အရပ်သား ၁၇ဦးကို ပစ်သတ်ခဲ့ကြသော လုံခြုံရေးအစောင့်များအား တရားစွဲဆိုခြင်းကို အမေရိကန်အစိုးရတာဝန်ရှိသူများက မကြာမီကြေညာချက် ထုတ်ပြန်မည်ဟု မျှော်လင့်ရကြောင်း အမေရိကန်ရဲတပ်ဖွဲ့သတင်းရပ်ကွက်က ဖော်ပြသည်။

အနည်းဆုံးပေးသင့်သော ပြစ်ဒဏ်သည် သေဒဏ်ဖြစ်ကြောင်း၊ ဘလက်ဝါးတား၏ ညွှန်ကြားရေးမှူးကို တရားခွင်သို့ တင်ပို့ရမည်ဖြစ်ကြောင်း၊ ၎င်းသည်လုံခြုံရေးများအားလက်နက်နှင့် အခွင့်အာဏာပေး၍ အရပ်သားများကို ချောင်ပိတ်ကာပစ်သတ်စေခဲ့သူဖြစ်ကြောင်း သားတစ်ယောက်အသတ်ခံလိုက်ရသည့် ဖခင်ဖြစ်သူ မိုဟာမက် အယ်လ်ကီနာနီက ပြောကြားသည်။

ယခုအမှုအခင်းသည် ကီနာနီ၏ ရင်တွင်းနာကျင်မှုကိုပြန်လည်ဖော်ထုတ်ပေးသကဲ့သို့ရှိသည်။ ၂၀၀၇ ခုနှစ်စက်တင်ဘာ ၁၆ ရက်တွင် ဘလက်ဝါးတား အစောင့်များ၏ ပစ်ခတ်မှုခံရသော ကားထဲတွင် အယ်လ်ကီနာနီသည် ၎င်း၏ မိသားစုဝင်အချို့နှင့်အတူ ရှိနေခဲ့သည်။

အမေရိကန်ပြည်ထောင်စု မြောက်ကာရိုလိုင်းနားတွင် အခြေစိုက်သော ဘလက်ဝါးတားလုံခြုံရေးကုမ္ပဏီသည် အီရတ်နိုင်ငံတွင် အကြီးမားဆုံးသော လုံခြုံရေးကန်ထရိုက်တာဖြစ်သည်။

၎င်းတို့က ၎င်းတို့၏ မော်တော်ယာဉ်တန်းကိုပစ်ခတ်ခံရသောကြောင့် မိမိကိုယ်ကိုယ် ကာကွယ်သောအားဖြင့် ပြန်လည်ပစ်ခတ်ခြင်းဖြစ်၍ ဥပဒေနှင့် မငြိစွန်းကြောင်းကုမ္ပဏီကပြန်လည်ရှင်းချက်ထုတ်သည်။

ဘလက်ဝါးတားကုမ္ပဏီကို အီရတ်နိုင်ငံတွင် အမေရိကန်အစိုးရကငှားရမ်းထားခြင်းဖြစ်သည်။ အခင်းဖြစ်သောနေ့တွင် ၎င်း၏ လုံခြုံရေးအစောင့်များသည် သံတမန်မော်တော်ယာဉ်တန်းအားကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်။

သားတစ်ဦး အသတ်ခံရသော မိုဟာမက် အယ်လ်ကီနာနီနှင့် ဇနီး၊ သားနှစ်ဦးအသတ်ခံရသော ဟေသန် အယ်လ်ရာဘေတို့သည် ဘလက်ဝါးတား ကုမ္ပဏီသို့ သွားရောက်၍ ရှင်းလင်းချက်နှင့် တောင်းပန်စကားပြောကြားရန် တောင်းဆိုခဲ့သော်လည်း ယင်းကုမ္ပဏီက ငြင်းဆိုခဲ့သည်။

***အမ်အမ်အေ၊ရိုက်တာ။***






**အမေရိကန်နိုင်ငံ ဆောလ်လိခ်စီးတီးတရားရုံးသို့ အမှုရင်ဆိုင်ရန် ရောက်ရှိလာသော ဘလက်ဝါးတား လုံခြုံရေးကုမ္ပဏီမှ ဝန်ထမ်းများကို ဒီဇင်ဘာ ၈ ရက်ကတွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## အာဂျင်တီးနားတွင် ကိုကင်း ၂၉၇ ကီလို သိမ်းဆည်းရမိ

**ဗျူနိုအေးရိစ် ဒီဇင်ဘာ ၉**

အာဂျင်တီးနားနိုင်ငံ ရဲတပ်ဖွဲ့သည် လေယာဉ်ငယ်တစ်စင်းပေါ်မှ ကိုကင်း ၂၉၇ ကီလိုအား သိမ်းဆည်းရမိကြောင်း၊တရားမဝင်မှောင်ခိုရောင်းဝယ်သူဟု သံသယရှိသူ နှစ်ဦးကိုလည်း ဖမ်းမိကြောင်း ရဲတပ်ဖွဲ့က တနင်္ဂနွေနေ့တွင် ကြေညာသည်။

ဗျူနိုအေးရိစ်မြို့၏ မြောက်ဘက် ကီလိုမီတာ ၁၂၀၀ အကွာခန့်ရှိ စန်တီယာဂိုဒဲလ်အီးစ်တီးရို ပြည်နယ်တွင် နယ်စပ်ရဲတပ်ဖွဲ့မှ စစ်ဆင်ရေးဆောင်ရွက်ရာတွင် အရာရှိများက ထိုလေယာဉ်ငယ် လေယာဉ်ကွင်းသို့ဆင်းသက်ပြီးမကြာမီ မူးယစ်ဆေးဝါးပစ္စည်းများကို သိမ်းဆည်းရမိခြင်းဖြစ်သည်။

ယင်းသို့သိမ်းဆည်းရမိသောပစ္စည်းများသည် ဥရောပနိုင်ငံများသို့ တင်ပို့မည့် မြောက်မြားလှစွာသော မူးယစ်ဆေးဝါးများထဲမှ တစ်စိတ်တစ်ပိုင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖမ်းမိသူနှစ်ဦးမှာ ဘိုလီဗီးယားလူမျိုးများဖြစ်ကြပြီး အသက် ၂၀ နှင့် ၆၄ နှစ်အသီးသီးရှိကာ လေယာဉ်ငယ်၏ လေယာဉ်မှူးများ ဖြစ်ကြသည်။ ရဲတပ်ဖွဲ့က ထိုကိစ္စကို စုံစမ်းစစ်ဆေးလျက်ရှိပြီး အသေးစိတ်အချက်အလက်များကို ပြောကြားရန် ငြင်းဆိုခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## မလေးရှားနိုင်ငံတွင် ဘတ်စ်ကားတိမ်းမှောက် ကိုးဦးသေ၊ ၁၉ ဦး ဒဏ်ရာရ

**ကွာလာလမ်ပူ ဒီဇင်ဘာ ၈**

မလေးရှားနိုင်ငံတောင်ပိုင်း အဝေးပြေးလမ်းမပေါ်တွင် ခရီးသည်တင်မော်တော်ယာဉ်တစ်စီး ဘီးချော်ကာ လမ်းဘေးရှိ သစ်ပင်သို့ဝင်တိုက်ပြီးနောက် မြောင်းထဲထိုးကျသွားခဲ့သဖြင့် ခရီးသည်ကိုးဦးသေဆုံးပြီး၊အခြား ၁၉ ဦး ဒဏ်ရာရရှိသည်ဟု အင်တာနက်သတင်းတွင် ဖော်ပြသည်။ အဆိုပါ ဘတ်စ်ကားသည် စင်ကာပူနိုင်ငံသို့ ထွက်ခွာလာစဉ် ဂျိုဟာပြည်နယ်တောင်ပိုင်းတွင် စက်ချွတ်ယွင်းကာ ယခုကဲ့သို့ တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။ ဖြစ်စဉ်ကို ချက်ချင်း မသိရှိရသေးကြောင်းနှင့် ဒဏ်ရာရရှိသူအားလုံးမှာ မလေးရှားနိုင်ငံသားများဖြစ်ကြောင်း အမည်မဖော်လိုသူတစ်ဦးက ပြောကြားသည်။

မလေးရှားနိုင်ငံရှိ အဝေးပြေးလမ်းမများသည် အရည်အသွေးမြင့်မားသဖြင့် မော်တော်ယာဉ်များအား တစ်နာရီလျှင် မိုင်၇၀ထက် ပိုမမောင်းရန် သတိပေးတားမြစ်ထားသည်။ သို့ရာတွင် ယာဉ်မောင်းများသည် သတ်မှတ်ချက်များကို မကြာခဏ ချိုးဖောက်သဖြင့် မတော်တဆမှုများ ဖြစ်ပွားလေ့ရှိသည်ဟု သိရသည်။ ***အင်တာနက်။***



**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် မသင်္ကာသူတစ်ဦးအား ဖမ်းဆီးနေသည်ကို တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## တရားမဝင်ရွှေ့ပြောင်းလာသူများဟု သံသယရှိသူများအား သြစတြေးလျအာဏာပိုင်များ ဖမ်းဆီး

**ဆစ်ဒနီ ဒီဇင်ဘာ ၉**

သြစတြေးလျနိုင်ငံ၏ အနောက်ဘက်ကမ်းရိုးတန်းမှ ဝင်ရောက်လာသော တရားမဝင်ရွှေ့ပြောင်းလာသူများကို တင်ဆောင်လာသည့် သင်္ဘောငယ်တစ်စင်းကို သြစတြေးလျအာဏာပိုင်များက ဒီဇင်ဘာ ၇ ရက်တွင်ဖမ်းမိခဲ့ကြောင်း အင်တာနက်သတင်းတွင်ဖော်ပြသည်။ အဆိုပါသင်္ဘောပေါ်တွင် လူ ၄၄ ဦးလိုက်ပါလာပြီး သင်္ဘောသားသုံးဦး လည်းပါရှိသည်ဟု သိရသည်။ ယင်းသင်္ဘောအား တာဝန်ရှိသူများက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်ဟု ပြည်ထဲရေးဝန်ကြီး ဘို့ဒီဘက်စ်က ပြောကြားသည်။

အာဖဂန်နစ္စတန်နှင့် သီရိလင်္ကာတို့တွင် ဖြစ်ပွားသော အကြမ်းဖက်မှုများကြောင့် သြစတြေးလျနိုင်ငံတွင်တရားမဝင်ရွှေ့ပြောင်းလာသူဦးရေမှာ မြင့်တက်လျက်ရှိသည်ဟု လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဝန်ကြီးခရစ်အီဗင့်စ်က ထုတ်ဖော်ပြောကြားပြီးနောက် မကြာမီ ယခုကဲ့သို့ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ ***အင်တာနက်။***

**အမေရိကန်နိုင်ငံ စန်ဒီယာဂို ဒေသလူနေရပ်ကွက်ပေါ်သို့ပျက်ကျသွားသောအမေရိကန်လေတပ်မှ အက်ဖ်-၁၈ တိုက်လေယာဉ် မီးလောင်နေသည်ကို ဒီဇင်ဘာ ၈ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*



## ဗီယက်နမ်နိုင်ငံတွင် ကျွဲရိုင်းတွေ့ခံရသဖြင့် ရွာသားနှစ်ဦးသေဆုံး

**ဟန္နွိုင်း ဒီဇင်ဘာ ၉**

ဗီယက်နမ်နိုင်ငံအလယ်ပိုင်းတွင် ကျွဲရိုင်းတစ်ကောင်ဝင်ရောက်တိုက်ခိုက်မှုကြောင့် ကျေးရွာသားနှစ်ဦး သေဆုံးပြီး အခြားလေးဦး ဒဏ်ရာရရှိသည်ဟု ရဲတပ်ဖွဲ့က ဒီဇင်ဘာ ၇ ရက်တွင် ပြောကြားသည်။ ယင်းသတ္တဝါအား ရဲတပ်ဖွဲ့များကပစ်ခတ်ခဲ့သည်ဟု အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဒီဇင်ဘာ ၆ ရက်က ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းဒေသတွင် ကျွဲရိုင်းတစ်ကောင် ရုတ်တရက်ဝင်ရောက်လာပြီး အသက်(၆၄)နှစ်အရွယ်ရှိ အဘိုးအို တီရန်ကင်မဲ၏ ဝမ်းဗိုက်သို့ ဦးချိုဖြင့်တွေ့သဖြင့် အဆိုပါအဘိုးအိုမှာ နေရာတွင်ပင် သေဆုံးခဲ့ရကြောင်း သွာသိန်ဟူပြည်နယ်မှ ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။ နောက်ထပ်လေးနာရီအကြာတွင် ယင်းကျွဲရိုင်းသည် ကျေးရွာသားသုံးဦးထံ ကမူးရှူးထိုး ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ရွာသားများက သစ်သားတုတ်များဖြင့် ခုခံကာကွယ်ခဲ့သော်လည်း အသက်(၅၀)အရွယ် အဘိုးအိုတစ်ဦးမှာ ဦးချိုဖြင့်တွေ့ခံရသဖြင့် ဆေးရုံသို့တင်ပို့ခဲ့ရကြောင်း၊ သို့ရာတွင် ၎င်းမှာ ဆေးရုံတွင် သေဆုံးသွားကြောင်းသိရသည်။ **အင်တာနက်။**

# အမေရိကန်မှ ပြန်ပေးသမား မက္ကဆီကိုတွင်ဖမ်းမိ ၁၄ နှစ်အရွယ် ဓားစာခံမိန်းကလေးအား ကယ်တင်နိုင်ခဲ့

**မက္ကဆီကို ဒီဇင်ဘာ ၉**

အမေရိကန်နိုင်ငံ ပြည်ထောင်စုထောက်လှမ်းရေးဗျူရို (အက်ဖ်ဘီအိုင်)အဖွဲ့ကအလိုရှိနေသော ပြန်ပေးသမားကို မက္ကဆီကိုရဲများက ဒီဇင်ဘာ ၇ ရက်က ဖမ်းဆီးမိခဲ့ကြောင်း မက္ကဆီကိုရှေ့နေချုပ်ရုံး၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**— အထိအခိုက်မရှိ —**

ပြန်ပေးသမားအား ဖမ်းဆီးရာ၌ ဓားစာခံအဖြစ် ဖမ်းဆီးထားသော အသက် ၁၄ နှစ်အရွယ် မိန်းကလေးငယ်ကိုလည်း အထိအခိုက်မရှိ ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

အဖမ်းခံရသူတရားခံမှာ အသက် ၃၅ နှစ်အရွယ်ရှိ ဟက်တာဂူရီရိုကတ်စ်ဘီလိုဖြစ်သည်။ ၎င်းအား မတရား ဖမ်းဆီးချုပ်နှောင်မှုနှင့် အရွယ်မရောက်သေးသူ ဓားစာခံအား အလိုမတူဘဲ သားမယားပြုကျင့်မှုတို့ဖြင့် စွဲဆိုမည်ဖြစ်သည်။

**— သွေးဆောင် —**

ပြန်ပေးဆွဲခံရသူ မိန်းကလေး၏ အမည်ကိုမူ ထုတ်ဖော်ခြင်းမပြုဘဲထားသည်။ ထိုမိန်းကလေးမှာ ၎င်း၏ မိသားစုနှင့် အဆင်မပြေကြောင်း သိရပြီးနောက် ဂူရီရိုကသူနှင့်အတူ လိုက်ပါရန် အောက်တိုဘာလအတွင်းက သွေးဆောင်ကာ ခေါ်ယူသွားခဲ့သည်။

**— တိုင်ကြား —**

သီတင်းပတ်အတော်ကြာ အစအန ပျောက်နေပြီးနောက် သမီးဖြစ်သူထံမှ အခြေအနေအားလုံး အဆင်ပြေကြောင်း ဖခင်ထံ အီးမေးလ်ဖြင့် အကြောင်းကြားစာ ပို့ခဲ့သည်။ ထိုအကြောင်းကြားစာ ရပြီးနောက် ဖခင်က အက်ဖ်ဘီအိုင်အဖွဲ့အား တိုင်ကြား၍ခြေရာခံလိုက်ရာ မိန်းကလေးမှာ မက္ကဆီကိုတွင် ရောက်နေကြောင်း စုံစမ်းသိရှိရသည်။

တရားခံ ဂူရီရိုအား မက္ကဆီကိုရဲများသည် မက္ကဆီကိုစီးတီးမြို့အနီးရှိ ၎င်း၏နေအိမ်တွင် ဖမ်းဆီးရမိသည်။ ၎င်းဖမ်းဆီးထားသော မိန်းကလေးကိုလည်း အဆိုပါအိမ်၌ပင် တွေ့ရှိခဲ့သည်။

ယခုအခါ မက္ကဆီကို လုံခြုံရေးအာဏာပိုင်များက ပြန်ပေးသမား ဂူရီရိုအားဒေသဆိုင်ရာ အကျဉ်းထောင်တွင် ထိန်းသိမ်းထားဆဲဖြစ်သည်။

***အင်တာနက်။***

## နိုင်ငံတကာသတင်းများ



ဗြိတိန်နိုင်ငံ၏ ဆောင်းရာသီကာလ၌ နှင်းများသိပ်သည်းစွာ ကျဆင်းနေသည်ကို ဒီဇင်ဘာ ၆ ရက်က တွေ့ရစဉ်။

*(ဓာတ်ပုံ-အင်တာနက်)*

# တရုတ်လူငယ်များအကြား အူမကြီးကင်ဆာဖြစ်ပွားမှု နှစ်ဆ မြင့်တက်လာဟုဆို

**ပေကျင်း ဒီဇင်ဘာ ၉**

တရုတ်လူငယ်များအကြား အူမကြီး ကင်ဆာရောဂါဖြစ်ပွားမှု အခြေအနေသည် ၁၉၇၀ ပြည့်နှစ် ကာလများနှင့် နှိုင်းစာလျှင် ယခုအခါ နှစ်ဆအထိ မြင့်တက်လာကြောင်း အထက်တန်း ဆေးပညာရှင်များက ပြောကြားသည်။

အသက် ၃၀ အောက် လူငယ်များတွင် ဖြစ်ပွားသော အူမကြီးကင်ဆာရောဂါသည်များအနက် ၁၀ ရာခိုင်နှုန်းသော လူနာများကို ရောဂါမရင့်မီ ရှာဖွေတွေ့ရှိရကြောင်း သိရသည်။ ရောဂါကို စောစီးစွာ တွေ့ရှိရပါက ပျောက်ကင်းသက်သာနှုန်းသည် ၉၅ ရာခိုင်နှုန်းအထိရှိကြောင်း ပေကျင်းဆေးရုံမှ ဆရာဝန် ဒေါက်တာဂျိဂျာဖူးက ပြောကြားသည်။

တရုတ်ပြည်မကြီးတွင် နှစ်စဉ် အူမကြီးကင်ဆာရောဂါဖြစ်သူဝေဒနာသည်အသစ် ၄၀၀၀၀၀ ကို တွေ့ရှိရသည်ဟု ဆိုသည်။ ထိုအရေအတွက်သည် တစ်ကမ္ဘာလုံး အူမကြီးကင်ဆာရောဂါသည် အရေအတွက်စုစုပေါင်း၏ ၄၂ရာခိုင်နှုန်းရှိကြောင်းသိရသည်။

လူငယ်များအကြား အူမကြီး ကင်ဆာရောဂါ ဖြစ်ပွားရသည့် အကြောင်းအရင်းမှာ အလုပ်သောကများပြားခြင်း၊ အအိပ်အနေ နည်းပါးခြင်း၊ ကျန်းမာရေးနှင့် မညီညွတ်သော အစားအသောက်များ စားသောက်ရခြင်းနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကြောင့် ဖြစ်သည်ဟု ဒေါက်တာဂျိက ပြောကြားသည်။

***အင်တာနက်။***

**ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ဆိုနီ အီလက်ထရွန်နစ်ပစ္စည်း အရောင်းဆိုင်တစ်ဆိုင်ကိုတွေ့ရစဉ်။ကမ္ဘာ့စီးပွားရေး ကျဆင်းမှုကြောင့် ဆိုနီကုမ္ပဏီသည် အလုပ်သမားပေါင်း ၈၀၀၀ ကို လျှော့ချသွားမည်ဖြစ်သည်။**

*(ဓာတ်ပုံ-အင်တာနက်)*




# ဘရာဇီး ပေးလ်သတ္တုကုမ္ပဏီမှ အလုပ်သမား ၁၃၀၀ လျှော့ချ

**ရီယိုဒီဂျနေးရိုး ဒီဇင်ဘာ ၉**

ဘရာဇီးနိုင်ငံတွင် အကြီးအကျယ် လုပ်ကိုင်လျက်ရှိသော သတ္တုတွင်းလုပ်ငန်း ကွန်ပင်ဟီးယားဗေးလ်ဒူးရီယိုဒိုဗ်(ဗေးလ်) ကုမ္ပဏီသည် ကမ္ဘာတစ်ဝန်း ရင်ဆိုင်နေရသော စီးပွားရေး အကျပ်အတည်းကြောင့် ၎င်းကုမ္ပဏီတွင် လုပ်ကိုင်နေသော အလုပ်သမား ၁၃၀၀ ကျော်ကို အလုပ်မှ လျှော့ချခဲ့ရသည်ဟု ဒီဇင်ဘာ ၃ ရက်တွင် ကြေညာခဲ့သည်။

**ပြောင်းရွှေ့**

ယင်းကုမ္ပဏီက အလုပ်သမား ၅၅၀၀ကို ယခုလနှင့် လာမည့်၂၀၀၉ ခု ဖေဖော်ဝါရီလတွင် ရက်ပေါင်း ၃၀ နားရက်ပေးမည်ဖြစ်ပြီး၊ အလုပ်သမား ၁၂၀၀ ကို အခြားနေရာသစ်သို့ ပြောင်းရွှေ့နိုင်ရန် သင်တန်းပေးမည်ဟု ဆိုသည်။ အဆိုပါ ဗေးလ်ကုမ္ပဏီသည် ဝယ်သူထံမှ အမှာစာဝင်ရောက်မှု နည်းပါးလာပြီး မက်ထရစ်တန်ချိန် သန်း ၃၀ ထုတ်လုပ်မှု လျှော့နည်းရသည့်အတွက် ယခုကဲ့သို့ အလုပ်သမားများကို အလုပ်မှ လျှော့ချပစ်ရခြင်းဖြစ်ကြောင်း ပြောဆိုသည်။

**လည်ပတ်**

ဗေးလ်ကုမ္ပဏီမှ ယခုကဲ့သို့ အလုပ်သမား မလျှော့မီက အလုပ်သမားအင်အား စုစုပေါင်း ၆၂၀၀၀ ဖြင့် လုပ်ငန်း လည်ပတ်လျက်ရှိသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

# ဘိုလီးဗီးယားနှင့်ဘရာဇီး ပူးတွဲတံတား တည်ဆောက်မည်

**လာပါဇ် ဒီဇင်ဘာ ၉**

ဘရာဇီးနိုင်ငံ ဂူဂျာရာမီရမ်မြို့နှင့် ဘိုလီးဗီးယားနိုင်ငံ ဂူရာရာမာမြို့တို့ကို ဆက်သွယ်ထားသော လမ်းပေါ်တွင် တံတားတစ်စင်းကို နှစ်နိုင်ငံ ပူးပေါင်းတည်ဆောက်ကြမည်ဖြစ်ကြောင်း ဘိုလီးဗီးယား သယ်ယူပို့ဆောင်ရေးအရာရှိက ဒီဇင်ဘာ ၂ ရက်တွင် ပြောကြားသည်။

ထိုတံတားသည် မာမော်ရီမြစ်ကိုဖြတ်၍ ဖောက်လုပ်မည်ဖြစ်သည်။ တံတား တည်ဆောက်ရေးအတွက် အချက်အလက် ရှာဖွေရေးနှင့် ဖြစ်နိုင်စွမ်း စူးစမ်းလေ့လာချက်များ ဆောင်ရွက်ရန် ပူးတွဲကော်မရှင်ဖွဲ့စည်းထားကြောင်း ဒုတိယသယ်ယူပို့ဆောင်ရေးဝန်ကြီး ဂျိုစ်ကင်ဖရန်ကိုက ပြောကြားသည်။

**ပြောကြား**

ယင်းတံတားသည် ၂၀၁၀ပြည့်နှစ်တွင် တည်ဆောက်ပြီးစီးမည်ဖြစ်သည်။ ထိုတံတား တည်ဆောက်ပြီးစီးပါက တောင်အမေရိကဒေသနိုင်ငံများအကြား ခရီးသွားလာမှုကို အထောက်အကူပြုမည်ဟု ဖရန်ကိုကဆက်လက်ပြောကြားသည်။

***အင်တာနက်။***



**ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ပစ်ခတ်မှုဖြစ်ပွားပြီးနောက် ၁၆ ဦး အသက်ဆုံးရှုံးသွားသည့်နေရာကို ဒီဇင်ဘာ ၇ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# တရုတ်-အိန္ဒိယ အကြမ်းဖက်တိုက်ဖျက်ရေး ပူးပေါင်းလေ့ကျင့်မှု အစီအစဉ်စတင်

**ဘယ်လ်ဂမ် (အိန္ဒိယ) ဒီဇင်ဘာ ၉**

သီတင်းတစ်ပတ်မျှ ကြာမည်ဖြစ်သော တရုတ်-အိန္ဒိယ အကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးပေါင်းလေ့ကျင့်မှု အစီအစဉ်ကို ဒီဇင်ဘာ ၆ ရက်က စတင်ခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

၂၀၀၈ခုနှစ် လက်တွဲပူးပေါင်းခြင်းဟု အမည်ပေးထားသော အဆိုပါ စစ်ရေးလေ့ကျင့်မှုသည် ဒီဇင်ဘာ ၁၂ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။

ယခုကဲ့သို့ တရုတ်-အိန္ဒိယ စစ်ရေးပူးပေါင်းလေ့ကျင့်ခြင်းသည် နှစ်နိုင်ငံတပ်ဖွဲ့ဝင်များအကြား အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုတို့ကို ဖြစ်ပေါ်စေသည်ဟု တရုတ်တပ်ဖွဲ့မှ အကြီးအကဲဖြစ်သူ ကွင်ချန်ကျူးက ပြောကြားသည်။

ယင်းသည် နှစ်ဖက်တပ်ဖွဲ့ဝင်များအကြား ချစ်ကြည်ရင်းနှီးစေရန်နှင့် ထင်မြင်ယူဆချက် အပြန်အလှန်ဖလှယ်ရေးကိစ္စရပ်များအပါအဝင် ပူးပေါင်းဆောင်ရွက်မှုအခန်းကဏ္ဍများကို ကျယ်ပြန့်လာစေမည်ဟု ဆိုသည်။

**အပြန်အလှန်ဖလှယ်**

အဆိုပါ စစ်ရေးပူးပေါင်းလေ့ကျင့်ခြင်းတွင် အကြမ်းဖက်တိုက်ဖျက်ရေးလုပ်ငန်းများ၌ လုပ်ဆောင်ရလေ့ရှိသော ပစ်ခတ်ခြင်း၊ စီးနင်းတိုက်ခိုက်ခြင်းနှင့် အကြမ်းဖက်တိုက်ဖျက်ရေးကိစ္စရပ်များအပေါ် ထင်မြင်ယူဆချက်များကို အပြန်အလှန်ဖလှယ်ကြမည်ဟု သိရသည်။ ထို့ပြင် အရပ်ဘက်နှင့် တရားစီရင်ရေးကိစ္စရပ်များကိုလည်း အပြန်အလှန် ဖလှယ်ကြမည်ဖြစ်သည်။

တရုတ်-အိန္ဒိယ ပူးပေါင်းတပ်ဖွဲ့များသည် အကြမ်းဖက်တိုက်ဖျက်ရေး အစီအစဉ်တွင်ပါဝင်မည့် ပိတ်ဆို့ခြင်း၊ ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် ရှာဖွေခြင်းစသည့် စစ်ရေးလေ့ကျင့်မှုများကို ပူးပေါင်းလုပ်ဆောင်မည်ဖြစ်သည်ဟု သိရသည်။

***အင်တာနက်။***

# သက်ရှည်ကျန်းမာလမ်းလျှောက်ပါ

**မိုးဆွေအောင်**(စီးပွားရေးတက္ကသိုလ်)

**'အာရောဂျံ ပရမာ၊ လာဘာ'** ဟူသည့်စကားအတိုင်း ကျန်းမာခြင်းသည် လူတိုင်းအတွက် အဖိုးထိုက်တန်သည့် လာဘ်ကြီးတစ်ပါးဖြစ်ပြီး ၎င်းအဖိုးထိုက်တန်၊ အမြတ်ဆုံးဖြစ်သည့် "ကျန်းမာခြင်း" လာဘ်ကို ရယူနိုင်ရေးအတွက် ကျန်းမာစေသည့် အနေအထိုင်၊ အစားအသောက်၊ အလေ့အကျင့်၊ အပြုအမူများ လိုအပ်လှပေသည်။ ယင်းသို့ ကျန်းမာရေးနှင့်ပြည့်စုံကာ အသက်ရှည်ရာ အနာမဲ့ကြောင်းနည်းလမ်းကောင်းများနှင့် စပ်လျဉ်းပြီး မျှတသောအစာကိုစားသောက်ခြင်း၊ ကြေကျက်လွယ်သောအစာအာဟာရကိုသာ စားသောက်လေ့ရှိခြင်း၊ မိမိ၏ဝမ်းမီးနှင့် သင့်လျော်သော အာဟာရကို စားသောက်ခြင်း၊ သီလဖြစ်စေ၊ ဥပုသ်သီလဖြစ်စေ စောင့်ထိန်းခြင်း၊ မိမိအကျိုးကို ဆောင်တတ်ကုန်သော မိတ်ကောင်းဆွေမွန်ရှိခြင်း အချိန်ကာလဒေသကို လိုက်လျောညီထွေစွာ ပြုမူနေထိုင်ခြင်း၊ မမြတ်သောကာမဂုဏ်၊ မေထုန်အမှုတို့မှ ရှောင်ကြဉ်ခြင်း စသည့်အချက်တို့ကို မှတ်သားဖူးပါသည်။

ဖော်ပြပါ အသက်ရှည်ရာ အနာမဲ့ကြောင်းနည်းလမ်းကောင်းများတွင်ပါဝင်သည့် ကြေကျက်လွယ်သော အစာအာဟာရကိုသာ စားသောက်ခြင်းနှင့် စပ်လျဉ်း၍ **သမ္မရောဂါနံ့ အာဇိဏ္ဏကကံ**ဟု ဆိုရိုးရှိပါသည်။ ရောဂါအားလုံး၏ဇာစ်မြစ်သည် အစာမကြေခြင်းက စတင်သည်ဟု အဓိပ္ပာယ်ရပါသည်။ ယင်းသို့အစာကြေရန်အတွက် အစာကိုကြေညက်အောင်ဝါးစားရန်လိုအပ်သကဲ့သို့ စနစ်တကျ အချိန်မှန်မှန်လမ်းလျှောက်တတ်သည့်အလေ့အကျင့်ပြုလုပ်ပေးရန်လည်း လိုအပ်ပါသည်။

ကျန်းမာခြင်းနှင့်ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့သည် **ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ** အပြန်အလှန်ဆက်စပ်လျက်ရှိသည်။ ကိုယ်လက်လှုပ်ရှားမှု အလေ့အကျင့်ရှိသူများသည် သာမန်လူများထက် အမောအပန်းခံနိုင်ခြင်း၊ သက်လုံကောင်းမွန်ခြင်းတို့နှင့်ပြည့်စုံပြီး သွေးလည်ပတ်မှုကိုလည်း ပိုမိုကောင်းမွန်စေသည်။ နှလုံးကြွက်သားများ သန်မာလျက် ခန္ဓာကိုယ်တွင်း ပိုလျှံနေသည့် အဆီများကိုလည်း ဖယ်ရှားပေးနိုင်စွမ်းရှိပေသည်။

ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတွင် **လမ်းလျှောက်ခြင်း** သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ လမ်းလျှောက်ခြင်း(တစ်နည်းစင်္ကြံလျှောက်ခြင်း)နှင့်စပ်လျဉ်း၍ အကျိုးကျေးဇူး ငါးပါးရှိကြောင်း ရှေးစာပေများတွင် **ခရီးသွားနိုင်၊ ကြံ့ခိုင်အားအင်၊ ကင်းစင်ရောဂါ၊ အစာ ကြေကျက်၊ မပျက်သမာဓိ၊ ငါးမျိုးရှိ၊ များ၏ စင်္ကြံအကျိုးတည်း** ဟု မှတ်သားလိုက်နာစရာ လင်္ကာဖွဲ့ဆို ထားပါသည်။

လေကောင်းလေသန့် ရရှိနိုင်မည့် နေရာများသို့ဖြတ်သန်း၍ နေ့စဉ်မှန်မှန်လမ်းလျှောက်ခြင်းသည် ကိုယ်ခန္ဓာအညောင်းအညာကိုပြေစေပြီး ခန္ဓာကိုယ်ဣရိယာပုတ်ကိုလည်း မျှတစေပါသည်။ လမ်းလျှောက်စဉ် အသက်ကိုဝအောင်ရှူရန် လိုအပ်လှပါသည်။ ပထမဦးစွာ လမ်းလျှောက်စကာလတွင် မိမိ၏ အသက်အရွယ်နှင့် ကျန်းမာရေးအခြေအနေပေါ်မူတည်ပြီး မိမိလျှောက်နိုင်သည့် အတိုင်းအတာဖြင့် ခရီးအကွာအဝေးတိုတောင်းစွာလျှောက်၍ တဖြည်းဖြည်းခရီးအကွာအဝေးကို တိုးမြှင့်လျှောက်ပေးရန်ဖြစ်ပါသည်။လမ်းလျှောက်ရမည့် အကွာအဝေးအနေဖြင့် ပုံသေသတ်မှတ်ထားခြင်းမရှိပါ။ လူတစ်ဦးချင်းစီ၏ လိုအပ်မှုအနေအထား၊ အသက်အရွယ်အလိုက်သာ မူတည်ပြီး သင့်လျော်မည့် ခရီးအကွာအဝေးကို နေ့စဉ်မှန်မှန်လျှောက်ရန်သာ လိုအပ်ပါသည်။

လမ်းလျှောက်ခြင်းအပေါ် သုတေသီများ၏ သုတေသနပြုချက်အရ လူတစ်ဦးသည်တစ်ပတ်လျှင် တစ်နာရီမှသုံးနာရီအထိ တစ်နာရီလျှင်သုံးမိုင်နှုန်း လမ်းလျှောက်ပါက လေ့ကျင့်ခန်းမပြုလုပ်သူများထက် နှလုံးထိခိုက်ခံရမှုနှင့် သေဆုံးမှုရာခိုင်နှုန်း ၃၀ လျော့နည်းသွားသည်ကို တွေ့ရှိရကြောင်း၊ တစ်ပတ်လျှင် သုံးနာရီထက်အချိန်ပို၍လျှောက်မည်ဆိုပါက ယင်းအန္တရာယ်မှ နောက်ထပ်ငါးရာခိုင်နှုန်းလျော့ကျသွားနိုင်ကြောင်း သိရပါသည်။



**ယခုအချိန် ဟေမန္တဆောင်းရာသီသို့ဝင်ရောက်စ ကာလ ချမ်းအေးသည့်ရာသီတွင် ကျရောက်သည့် ဒီဇင်ဘာလတွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားသီတင်းပတ်များအဖြစ် စုပေါင်းလမ်းလျှောက်ပွဲများ ဆင်နွှဲကျင်းပလျက်ရှိကြသည်။**

လမ်းလျှောက်သည့် အမြန်နှုန်းကိုလည်း အလေးထားဂရုပြုရန်လိုအပ်ပါသည်။ သက်သောင့်သက်သာအနေအထားဖြင့် တစ်နာရီလျှင် နှစ်မိုင်နှုန်းထက်လျော့နည်းလျှောက်ပါက နှလုံးထိခိုက်မှုအန္တရာယ်မှ ၂၅ ရာခိုင်နှုန်းလျော့နည်းပြီး အကယ်၍ သုံးမိုင်နှုန်း သို့မဟုတ် ထိုနှုန်းထက်ပိုလျှောက်မည်ဆိုပါက အန္တရာယ်မှ ၃၆ ရာခိုင်နှုန်း လျော့နည်းနိုင်ကြောင်း လေ့လာသိရှိရပါသည်။

လမ်းလျှောက်ခြင်း၏အကျိုးကျေးဇူးများအနေဖြင့် သွေးတိုးကိုကျစေခြင်း၊ စိတ်ပိုင်းဆိုင်ရာ ကြည်လင်လန်းဆန်းစေခြင်း၊ အရိုးအဆစ်များကြံ့ခိုင်သန်စွမ်းစေခြင်း၊ ခန္ဓာကိုယ်၏အလေးချိန်ကို (အဝမလွန်ကဲအောင်) ထိန်းသိမ်းထားနိုင်ခြင်း၊ ကြွက်သားများသန်မာပြီး သွေးကြော၊ လေကြောပွင့်၍ သန်စွမ်းဖျတ်လတ်စေခြင်း၊ သွေးအတွင်းမှ အဆီကျစေခြင်း၊ သွေးအတွင်းမှ သကြားဓာတ်ကျစေခြင်း စသည်တို့ဖြစ်ကြပေသည်။

ထို့ပြင်လမ်းလျှောက်ခြင်းသည်ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ခြင်းဖြစ်သည့်အားလျော်စွာ နှလုံးစွမ်းအားနှင့် အဆုတ်စွမ်းအားတို့ကို တိုးပွားစေနိုင်ခြင်း၊ ကင်ဆာအကျိတ်အဖု (ဥပမာ-အူမကြီးကင်ဆာ၊ ဆီးကျိတ်ကင်ဆာစသည်) ရောဂါများ ဖြစ်ပွားနှုန်းကို လျော့နည်းစေခြင်း၊ အကြောအခြင်နာကျင်မှုသက်သာစေခြင်း၊ စိတ်ဖိစီးမှုလျော့နည်းစေခြင်းနှင့် စိုးရိမ်သောက ကြောင့်ကြစိတ်များ လျော့ပါးခြင်းတို့ကို ဖြစ်ပေါ်စေနိုင်ကြောင်း လေ့လာသိရှိရပေသည်။

ယခုအချိန် ဟေမန္တဆောင်းရာသီသို့ဝင်ရောက်စကာလ၊ ချမ်းအေးသည့်ရာသီတွင် ကျရောက်သည့် ဒီဇင်ဘာလတွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားသီတင်းပတ်များအဖြစ် စုပေါင်းလမ်းလျှောက်ပွဲများ ဆင်နွှဲကျင်းပလျက် ရှိကြသည်။ နိုင်ငံတစ်ဝန်းရှိ မြို့နယ်နှင့် ကျေးရွာများပါမကျန် **စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့** ဟူသော ကျန်းမာရေးဆိုင်ရာ နှိုးဆော်ချက်၊ **ကျန်းမာကြံ့ခိုင်၊ ပြည့်မဏ္ဍိုင်၊ ကိုယ်လက်လှုပ်ရှားအားကစား**ဟူသော ဆောင်ပုဒ်တို့နှင့်အညီ ပြည်သူများတပျော်တပါးစုပေါင်းလမ်းလျှောက်ကြသည်မှာ အားရဖွယ်တွေ့မြင်ရပေသည်။

အသက်အရွယ်မရွေး၊ လူတန်းစားမရွေး လှုပ်ရှားနိုင်သော အားကစားနည်းတစ်ရပ်ဖြစ်သည် သာမက ငွေကုန်ကြေးကျ အသက်သာဆုံးနှင့် အကောင်းဆုံး ကျန်းမာရေး လေ့ကျင့်ခန်းလည်းဖြစ်သည့် ကိုယ်လက်လှုပ်ရှားလမ်းလျှောက်ခြင်းကို စနစ်တကျ ဆောင်ရွက်ခြင်းဖြင့် ရုပ်ပိုင်းဆိုင်ရာရော စိတ်ပိုင်းဆိုင်ရာပါ ကျန်းမာရေးပြည့်စုံမှုကို ပေးစွမ်းနိုင်မည်ဖြစ်ပြီး တစ်ဦးချင်းအတွက်သာမက နိုင်ငံတော်အတွက်ပါ အကျိုးရှိနိုင်မည်ဖြစ်ရာ **သက်ရှည်ကျန်းမာဖို့၊ လမ်းလျှောက်ကြပါစို့** ဟူသော ဆောင်ပုဒ်နှင့်အညီ ဆင်နွှဲလျက်ရှိသော ဒီဇင်ဘာလူထုစုပေါင်းလမ်းလျှောက်ပွဲများတွင် အင်တိုက်အားတိုက် ပါဝင်ဆင်နွှဲသင့်ကြပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## အလုပ်ရုံဆွေးနွေးပွဲသို့တက်ရောက်

**မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း တွဲဖက်အတွင်းရေးမှူး (နိုင်ငံတကာဆက်ဆံရေး) ဦးသာထွန်း ခေါင်းဆောင်သော အဖွဲ့ဝင်ခုနစ်ဦးပါ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ ဆာရာဝတ်ပြည်နယ် ကူးချင်းမြို့၌ ဒီဇင်ဘာ ၉ ရက်မှ ၁၃ ရက်အထိ ကျင်းပမည့် 18th IFNGO ASEAN NGOs Workshop on Prevention of Drug & Substance Abuse အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မထွက်ခွာမီတွေ့ရစဉ်။** (သတင်းစဉ်)




## YMBA ဗုဒ္ဓဘာသာကလျာဏယုဝအသင်း
## သက်ကြီးပူဇော်ပွဲနှင့် မြန်မာစာဂုဏ်ထူးရသူများ ဆုပေးပွဲ

**ရန်ကုန် ဒီဇင်ဘာ ၉**

(၂၁)ကြိမ်မြောက် YMBA ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (၇၅) နှစ်နှင့်အထက် သက်ကြီးပူဇော်ပွဲနှင့် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် မြန်မာတစ်ပြည်လုံး၌(ပင်ရင်းမြန်မာစာ) ဘာသာရပ်တွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် ခြောက်ဘာသာဂုဏ်ထူးရသူရှစ်ဦးတို့ကိုပညာရည်ချွန်ဂုဏ်ပြုဆုပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၇ ရက်က YMBA အသင်းခန်းမ၌ ကျင်းပရာ သက်ကြီးစာပေပညာရှင် ဆရာကြီးဦးဗကလေး၊ ဆရာကြီး ဦးလွန်းမောင်အမှူးပြုသည့် သက်ကြီးပုဂ္ဂိုလ်များ၊ YMBA အသင်း ဥက္ကဋ္ဌ ဒေါက်တာ ကံညွှန့်နှင့် အမှုဆောင်များ၊ အသင်းဝင်များ၊ မြန်မာစာဦးရဲဝေ၊ (ပင်ရင်းမြန်မာစာ) ဆုရသူများနှင့် မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင်YMBAအသင်း အတွင်းရေးမှူး ဦးစိန်သန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်၍ အသင်းဥက္ကဋ္ဌ ဒေါက်တာကံညွှန့်က အမှာစကားပြောကြားပြီး သက်ကြီးပူဇော်ပွဲကိုကျင်းပရာ အသင်းဘဏ္ဍာရေးမှူး ဦးစိန်လှအောင်က သက်ကြီးတစ်ဦးချင်းအား လှည့်လည်ပေးအပ်ပြီး ပူဇော်ကန်တော့ကြသည်။ ထို့နောက် သက်ကြီးများ ကိုယ်စားနာယကကြီး ဦးခင်မောင်ထွေး (ဆိပ်ကမ်း)က ဆုံးမစကားပြောကြားသည်။ ဆက်လက်၍ YMBA အသင်း ပင်မပဒေသာပင် အလှူငွေကျပ်တစ်သိန်းကို ဘဏ္ဍာရေးမှူး ဦးစိန်လှအောင်နှင့်မိသားစုက လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဒေါက်တာကံညွှန့်က လက်ခံ၍ ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။ ထို့နောက် (ပင်ရင်းမြန်မာစာ)ဘာသာရပ်တွင် ပထမ၊ ဒုတိယ၊ တတိယရရှိသူခြောက်ဘာသာဂုဏ်ထူးရှင်ရှစ်ဦး တို့အား YMBA အသင်းမှချီးမြှင့်ငွေနှင့် ဂုဏ်ပြုလွှာကိုလည်းကောင်း၊ မြန်မာစာ ဦးရဲဝေမှ ဂုဏ်ပြုလှူဒါန်းငွေများ ပေးအပ်ကြသည်။ ဆုရ ကျောင်းသားများ ကိုယ်စား မဖြိုးသဥ္ဇာခင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြား၍ ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းသည်။(၂၃)

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## အိမ်မဲမြို့ အထက အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၉**

ဧရာဝတီတိုင်း အိမ်မဲမြို့ အထက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၉) ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၈ နာရီတွင် အိမ်မဲမြို့ အထက ရွှေညီလာခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်၍ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ပူဇော်ကြရန် အာစရိယပူဇော်ရေးအဖွဲ့မှ ဖိတ်ကြားထားသည်။ အဆိုပါ အာစရိယပူဇော်ပွဲသို့ ကြွရောက်ကြမည့် ဆရာ၊ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူဟောင်းတိုင်းသည် ဒီဇင်ဘာ ၂၇ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သခင်မြပန်းခြံ ဝက်စတင်းပတ်ရှေ့မှ အိမ်မဲမြို့သို့ ထွက်ခွာမည့် မော်တော်ယာဉ်နှင့် လိုက်ပါနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံးများ ဝန်ကြီး ဗိုလ်ချုပ်စောလွင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၉**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် ဒီဇင်ဘာ ၇ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်တပ်ကုန်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးရုံး၌ ဝန်ထမ်းများအား တွေ့ဆုံ၍ စာရင်းဇယားမှတ်တမ်းများ တိကျမှန်ကန်စွာ ရေးသွင်းပြုစု၍ စနစ်တကျ ထိန်းသိမ်းထားရှိရေး မှာကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မှတ်တမ်းခန်းအတွင်း မှတ်တမ်းဖိုင်များ စနစ်တကျထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် ဝန်ကြီးသည် မန္တလေးတိုင်း ရမည်းသင်းမြို့သို့ ရောက်ရှိပြီး လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ရမည်းသင်းခရိုင် ဦးစီးဌာနမှူးရုံး၌ ဝန်ထမ်းများအားတွေ့ဆုံ၍ အရည်အချင်းပြည့်ဝသော ဝန်ထမ်းများဖြစ်ရန် အစဉ်လေ့လာဆည်းပူးကြရေး၊ လုပ်ငန်းများကို သတ်မှတ် လုပ်ထုံးလုပ်နည်း ဥပဒေများအတိုင်း လိုက်နာဆောင်ရွက်လုပ်ကိုင်ကြရေး မှာကြားကာ မှတ်တမ်းခန်းအတွင်း မှတ်တမ်းစာရင်းဇယားများ စနစ်တကျ ထိန်းသိမ်းထားရှိမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် နေပြည်တော်တပ်ကုန်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးရုံး၌ မှတ်တမ်းခန်းအတွင်း မှတ်တမ်းဖိုင်များ ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



# ဒုတိယဝန်ကြီး ဦးမောင်မြင့် ကူဝိတ်နိုင်ငံမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၉**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် ကူဝိတ်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး သံအမတ်ကြီး မစ္စတာခါလစ် ဆူလေမန် အယ်လ်ဂျာရာလာ၏ ဖိတ်ကြားချက်အရ ကူဝိတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီးနောက် ဒီဇင်ဘာ ၈ ရက်တွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် ဒီဇင်ဘာ ၂ ရက်တွင် ကူဝိတ်နိုင်ငံဒုတိယနိုင်ငံခြားရေးဝန်ကြီး သံအမတ်ကြီး မစ္စတာ ခါလစ်ဆူလေမန် အယ်လ်ဂျာရာလာနှင့် ဝန်ကြီးချုပ်ရုံး၌ ခင်မင်ရင်းနှီးစွာ တွေ့ဆုံဆွေးနွေးခဲ့သည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကူဝိတ်နိုင်ငံ ဝန်ကြီးချုပ် ရှိတ်နာဆာ မိုဟာမက် အယ်လ်အာမက် အယ်လ်ဆာဘားအား ၎င်း၏ ရုံးခန်းသို့ သွားရောက်၍ ဂါရဝပြုတွေ့ဆုံနှုတ်ဆက်သည်။ **(ဓာတ်ပုံ)**

မြန်မာကိုယ်စားလှယ် အဖွဲ့သည် ဒီဇင်ဘာ ၃ ရက်တွင် ကူဝိတ်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအာဏာပိုင်အဖွဲ့ ရုံးချုပ်သို့လည်းကောင်း၊ အာရပ်စီးပွားရေး ဖွံ့ဖြိုးမှုဆိုင်ရာ ကူဝိတ်ရန်ပုံငွေအဖွဲ့ ရုံးချုပ်သို့လည်းကောင်း သွားရောက်၍ သက်ဆိုင်ရာအာဏာပိုင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ယင်းနောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကူဝိတ်ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်း ရုံးချုပ်သို့ သွားရောက်၍ ဘုတ်အဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေး တိုးမြှင့်ဆောင်ရွက်ရေး ကိစ္စများအပေါ် ခင်မင်ရင်းနှီးစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကူဝိတ်နိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးနှင့် ငါးလုပ်ငန်းအာဏာပိုင်အဖွဲ့ရုံးချုပ်သို့ သွားရောက်၍ နှစ်နိုင်ငံအကြား စိုက်ပျိုးရေးနှင့် ငါးလုပ်ငန်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်စိုးနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးတို့ ပြန်လည်လိုက်ပါလာကြသည်။ (သတင်းစဉ်)

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၀-၁၂-၂၀၀၈ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြား သတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | ၁၁။ | အပိတ်နှုတ်ဆက်စကား |
| ၈း၁၆ | ၁၂။ | ပြီးပါပြီ။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၅ | ၃။ | အမျိုးသားရေးတေးကဗျာ |
| ၄း၂၀ | ၄။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၄း၃၀ | ၅။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄း၄၅ | ၆။ | တိုင်းကျိုးပြည်ပြု တည်ထောင်မှု |
| ၄း၅၀ | ၇။ | မျိုးချစ်တပ်မတော် |
| ၅း၀၀ | ၈။ | ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ |
| ၅း၂၀ | ၉။ | ရင်ခုန်စီးဆင်း အချစ်သီချင်း |
| ၅း၄၀ | ၁၀။ | မြတ်နိုးကြစေ အမျိုးသားအမွေ |
| ၅း၅၀ | ၁၁။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၁၂။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၃။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၄။ | အမျိုးသားရေးတေးကဗျာ |
| ၆း၃၀ | ၁၅။ | **ကာတွန်းအစီအစဉ် - လူစွမ်းကောင်းလေး လူဆာ (အပိုင်း-၂)** |
| ၆း၄၅ | ၁၆။ | လျှပ်တစ်ပြက်ရိုက်ချက် |
| ၇း၀၀ | ၁၇။ | **ရသစုံ လင် ရုပ်မြင် ဇာတ် လမ်း - ကျွန်တော်တင်တဲ့ မင်းသမီး (အပိုင်း-၃)** |
| ၈း၀၀ | ၁၈။ | မြဝတီရုပ်မြင်သံကြား သတင်း |
| | ၁၉။ | မိုးလေဝသသတင်း |
| | ၂၀။ | အမျိုးသားရေးတေးကဗျာ |
| | ၂၁။ | ဖြေလိုက်ပါ |
| | ၂၂။ | ICT သုတ |
| | ၂၃။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၄။ | **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရွှေမင်းသမီးရဲ့ဖူးစာ အပိုင်း(၃၂)** |
| | ၂၅။ | သင့်အတွက်မနက်ဖြန် |
| | ၂၆။ | အပိတ်နှုတ်ဆက်စကား |
| | ၂၇။ | ပြီးပါပြီ။ |

# Concordia International Co.,Ltd ၏ မိတ်ဆက်ပွဲနှင့် ဒီဇင်ဘာဈေးရောင်းပွဲတော် ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၉**

Concordia International Co.,Ltd မှ Fuji Xerox အမှတ်တံဆိပ် နောက်ဆုံးပေါ် ဘက်စုံသုံးမိတ္တူကူးစက်များ၊ နည်းပညာမြင့် သတင်းအချက်အလက်ဆိုင်ရာ ဆက်စပ်ပစ္စည်းများ၊ ဆေးရုံသုံးနှင့် ခွဲစိတ်ခန်းသုံးစက်ပစ္စည်းများစသည့် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ၊ အင်ဂျင်နီယာလုပ်ငန်းသုံး မြေတိုင်းပစ္စည်း၊ ခရီးသွားလမ်းညွှန် GPS များ မိတ်ဆက်ပွဲနှင့် ဒီဇင်ဘာဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သီရိရတနာအဆင့်မြင့်ဈေး (Shopping Complex)အဆောက်အအုံ အမှတ်-၁၄၄ ကုမ္ပဏီရုံးခန်းနှင့် အရောင်းစင်တာ၌ ကျင်းပသည်။

အဆိုပါပစ္စည်းများ မိတ်ဆက်ပွဲနှင့်ဈေးရောင်းပွဲတော်သို့ နေပြည်တော်ရှိ ဝန်ကြီးဌာနများမှဝန်ထမ်းများ၊ ဟိုတယ်ဇုန်ရှိဟိုတယ်များနှင့် ကုမ္ပဏီများမှ လုပ်ငန်းရှင်များ၊ စိတ်ဝင်စားသူပြည်သူများ လာရောက်ကြည့်ရှုကြသည်။

အဆိုပါ ဈေးရောင်းပွဲတော်တွင် မြန်မာပြည်နှင့် အသင့်တော်ဆုံးဖြစ်သော Fuji Xerox အမှတ်တံဆိပ် နောက်ဆုံးပေါ် ဘက်စုံသုံး မိတ္တူကူးစက်များ၊ ကာလာ၊ အဖြူအမည်း မိတ္တူကူးစက်များ၊ ကာလာ၊ အဖြူအမည်း လေဆာပရင်တာများ၊ မြန်နှုန်းမြင့် A3 Color Scanner များ၊ Projector များ၊ Electronic Copy Board များ၊ နည်းပညာမြင့် သတင်းအချက်အလက်ဆိုင်ရာ ဆက်စပ်ပစ္စည်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဆေးရုံလုပ်ငန်းသုံး ကြပ်မတ်ကုသဆောင်ပစ္စည်းများ၊ ခွဲစိတ်ခန်းသုံးပစ္စည်းများ၊ မျက်စိကုသမှုနှင့်ဆိုင်သော အထောက်အကူပြုပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ဒီဂျစ်တယ်သွေးပေါင်ချိန်တိုင်းစက်များ၊ ရှေးဦးသူနာပြု First Aid Kit များ၊ Complan အင်အားပြည့် အာဟာရမှုန့်များနှင့် Germany နိုင်ငံမှ မှာယူတင်သွင်းသော သွေးချိုဆီးချိုတိုင်း Ominitest (New Model) ၏ အားသာချက်နှင့် လွယ်လင့်တကူ ဝယ်ယူနိုင်မှုများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး မြေတိုင်းပစ္စည်းများဖြစ်သော ဂျပန်နိုင်ငံထုတ် Topcon အမှတ်တံဆိပ် Defferential GPS များ၊ Geodetic Total Station များ၊ Digital Theodolite များ၊ Laser Level များ၏ အဆင့်မြင့်တိုင်းတာချက်ရေး နည်းစနစ်များ၊ လုပ်ငန်းခွင်လက်တွေ့အသုံးချပုံများ၊ လမ်းတံတားဆောက်လုပ်ရာတွင် အသုံးဝင်သော တိုင်းတာရေးနည်းစနစ်များ အကြောင်းကိုလည်းကောင်း၊ Garmin အမှတ်တံဆိပ် ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းသုံး GPS များအကြောင်း၊ Satellite များဖြင့် တွဲဖက်အသုံးပြုပုံများအကြောင်း၊ Ohaus အမှတ်တံဆိပ် ကုန်ထုတ်လုပ်ငန်းသုံး ဒီဂျစ်တယ်ချိန်ခွင်များ၊ တိကျမှုမြင့်မားသည့် ဓာတ်ခွဲခန်းသုံးနှင့် အအေးခန်းသုံး ရေစိမ်ခံ ဒီဂျစ်တယ်ချိန်ခွင်များအပြင် ရွှေရည် စမ်းသပ်ပေးနိုင်သည့် Ohaus အမှတ်တံဆိပ် ဒီဂျစ်တယ်ချိန်ခွင်များကိုလည်းကောင်း ရှင်းလင်းပြသကြသည်။

Concordia International Co., Ltd မှ ရောင်းချသော ပစ္စည်းများအားလုံးအတွက် အာမခံချက် (Warranty)ပေးထားပြီး စက်တစ်စုံတစ်ရာ ချွတ်ယွင်းပါက ပြန်လည်ပြင်ဆင်ပေးနိုင်သော Service Center များကို ရန်ကုန်မြို့၌ ကမ္ဘာအေးစေတီလမ်း ရွှေဂုံပလာဇာ အဆောက်အအုံ ရွှေဂုံတိုင်မီးပွိုင့် ဗဟန်းမြို့နယ် Ph:01-544199, 544824 တို့တွင်လည်းကောင်း၊ မန္တလေးမြို့၌ အမှတ်(၅) မြေညီထပ် 8Y အဆောက်အအုံ လမ်း(၃၀) ၇၇ × ၇၈ကြား ချမ်းအေးသာစံမြို့နယ် Ph:02-36478, 09-5067172 တို့တွင်လည်းကောင်း၊ နေပြည်တော်၌ အမှတ်(၁၄၄) သီရိရတနာအဆင့်မြင့်ဈေး Ph:067-420819, 067-421362 တို့တွင်လည်းကောင်း ဖွင့်လှစ်၍ ဝန်ဆောင်မှု ပေးလျက်ရှိကြောင်းနှင့် အသေးစိတ်သိလိုပါက ဦးကျော်ကျော်လင်း Concordia Int'l Ph: 067-420819, 067-421362 တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

# မော်လမြိုင်ကောလိပ် (သတ္တဗေဒ) အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၉**

မော်လမြိုင်ကောလိပ် သတ္တဗေဒဌာနမှ(၁၉၇၅-၇၉)ခုနှစ် သတ္တဗေဒ ဘွဲ့ရ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ဘွဲ့ရ နှစ်(၃၀)ပြည့် ပုလဲရတုအထိမ်းအမှတ် ပြန်လည်တွေ့ဆုံပွဲကို ၂၀၀၉ ခုနှစ် မတ် ၂၈ ရက်(စနေနေ့)တွင် ကရဝိက်နန်းတော် ဥတ္တရခန်းမ၌ ကျင်းပမည်ဖြစ်သဖြင့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ကိုခင်မောင်လွင်-မမြင့်မြင့်မော် ဖုန်း-၀၁-၇၀၄၇၈၇၊ ၀၉၅၀ ၂၁၈၆၄၊ ကိုလှမြင့်-မတင်တင်ရှန် ဖုန်း-၀၁-၂၂၅၈၆၀၊ ၀၉၅၁ ၂၅၃၈၄၊ မကြည်စိန် ဖုန်း-၀၁-၅၂၆၉၂၀၊ ၀၉၅၁ ၇၅၆၁၀၊ ကိုမြင့်ဆွေ ဖုန်း-၀၅၂-၂၁၇၄၂၊ ၀၉၅၃ ၀၀၂၅၇၇၊ ကိုပြုံးချို ဖုန်း-၀၅၂-၂၂၀၈၁၊ မအေးအေးနွယ် ဖုန်း-၀၅၇-၂၂၅၃၆၊ ၀၉၅၃ ၂၂၁၀၄၊ ကိုအောင်ခင် ဖုန်း-၀၅၇-၂၀၈၈၊ မဝင်းဝင်းငွေ ဖုန်း-၀၅၇-၂၅၀၁၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (ကြေးမုံ)



ချင်းပြည်နယ် ပညာရေးမှူး ဆရာကြီး ဦးခင်မောင်ထွေး ကြေးမုံသတင်းအဖွဲ့အား ရှင်းလင်း ပြောကြားစဉ်။

❑ **အများနည်းတူမှ**

ကျောင်းသူလေးများကို တွေ့မိသည့်အတွက် ပြည်နယ်၏ ပညာရေးတိုးတက်မှုကို မျှဝေခံစားနိုင်ရန် ပြည်နယ်ပညာရေးမှူး ဆရာကြီး ဦးခင်မောင်ထွေးနှင့် ဆရာကြီး၊ ဆရာမကြီးတို့နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

ချင်းပြည်နယ် တစ်ခုလုံးတွင် အထက်တန်းကျောင်း ၂၈ ကျောင်း၊ အလယ်တန်းကျောင်း ၈၃ကျောင်း၊ မူလတန်းကျောင်း ၁၀၆၆ ကျောင်း ရှိပြီး ကျောင်းသား၊ ကျောင်းသူ ၁၀၈၅၇၁ ယောက်တို့အား သင်ကြားရေး ဆရာ၊ဆရာမ ၄၉၁၀၊ ပညာရေးဝန်ထမ်း ၁၅၄၄ ဦးတို့ဖြင့် ပြည်နယ်ပညာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်နေကြောင်း သိခွင့်ရခဲ့သည်။

၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုရာတွင် လေးဘာသာ ဂုဏ်ထူးရှင် လေးဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် သုံးဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၁၂ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ၄၁ဦး အောင်မြင်စွာ ထွက်ပေါ်ခဲ့ကြောင်း ကြားသိရသည့်အတွက် ပြည်နယ်တစ်ခုအနေဖြင့် ဂုဏ်ယူဖွယ်ရာပင် ဖြစ်သည်။

ဤကဲ့သို့ ဂုဏ်ထူးများထွက်အောင် မည်ကဲ့သို့ သင်ကြားဆောင်ရွက်နေပုံတို့ကို မေးကြည့်ရာ ဆရာကြီး ဦးခင်မောင်ထွေးက အောင်ချက် မြှင့်မားရေးအတွက် အခြေခံမူ ၁၇ချက် ရေးဆွဲ၍ အကောင်အထည်ဖော်ခဲ့ကြောင်း၊ အထူးသဖြင့် ပြည်နယ်ဒေသဖြစ်သည့်အတွက် မြန်မာဘာသာစကားကို အထူးပြုဘာသာရပ် တစ်ရပ်အနေဖြင့် အလေးထား သင်ကြားခဲ့ကြောင်း သိရသည်။ သို့အတွက် အလွန်မှပင်ရဖို့ ခက်ခဲသော မြန်မာစာတွင် ဂုဏ်ထူးရခဲ့ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ၂၀၀၉ခုနှစ် ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုကြမည့် ကျောင်း



တက္ကသိုလ်ဝင် စာမေးပွဲတွင် မြန်မာစာ၊ သင်္ချာ၊ ရူပဗေဒ၊ ဇီဝဗေဒဂုဏ်ထူးများဖြင့် အောင်မြင်ခဲ့သော ချင်းတိုင်းရင်းသားလေး မောင်ကမ်ဆန်ပဲန်း ရှင်းပြစဉ်။

သား၊ ကျောင်းသူများအတွက်ကိုလည်း ယခင်နှစ်များအတိုင်း ဘာသာရပ်အလိုက် အချိန်ပိုခေါ်ယူသင်ကြားခြင်း၊ အနီးကပ်သင်တန်းများ ပို့ချခြင်း၊ ဟောပြောပွဲများပြုလုပ်ခြင်းနှင့် စခန်းသွင်းလေ့ကျင့်မှုများဖြင့် ယမန်နှစ်ကထက် အောင်ချက်မြှင့်မားအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြည့်စွက်ပြောကြားခဲ့သည်။

ဟားခါးမြို့တွင် အထက်တန်းကျောင်း သုံးကျောင်း အလယ်တန်းကျောင်း တစ်ကျောင်း၊ မူလတန်းကျောင်း ကိုးကျောင်းရှိရာ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသို့ခရီးဆက်ခဲ့ပါသည်။ ကျောင်းအုပ်ဆရာကြီး ဦးမြင့်ဆွေက ကျောင်းအတွင်း သင်ကြားနေမှုတို့ကို တစ်ခန်းဝင်တစ်ခန်းထွက် လိုက်လံပြသခဲ့ပါသည်။ မြို့ကြီးပေါ်ရှိ ကျောင်းကြီးများနည်းတူ စာတွေ့သင်ကြားရုံမျှမက ခေတ်မီနည်းစနစ်ဖြင့် Computer များအသုံးပြုကာ လက်တွေ့သင်ကြားနေမှုကို တွေ့မြင်လိုက်ရသည်။

Education Learning Center Room, Computer Skills Room,Computer Aided Instruction Room, Reading Corner, Domestic Education Room, Languagelab Room, စာသင်ခန်းများတွင် ကျောင်းသား၊ ကျောင်းသူများ စိတ်ပါဝင်စားစွာ သင်ယူမှုပြုနေသည်ကို မြင်တွေ့လိုက်ရသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးတွင်လည်း ကျောသားရင်သားမခွဲ၊ တောင်ပေါ်နှင့် မြေပြန့်တန်းတူရည်တူ ဆောင်ရွက် ပေးနေကြောင်း အထင်းသား ပေါ်လွင်လှပေသည်။

ယနေ့ခေတ်တွင် အလွန်မြန်ဆန်လှသော သတင်းနှင့် ဆက်သွယ်ရေးနည်းပညာကို အသုံးပြု၍ ကမ္ဘာနှင့်မြန်မာတွင်ဖြစ်ပျက်နေသော ထူးခြားသည့် သတင်းများကို အင်တာနက်မှ ဖမ်းယူကာ A4 စာရွက်ငယ်ဖြင့် သတင်းစာပုံစံထုတ်ကာနေ့စဉ် အချိန်တစ်ချိန်ပုံမှန်ပေး၍ သင်ကြားမှုမှာ ပြည်နယ် တစ်ခု၏ ပညာရေးသင်ကြားမှုအဆင့်အတန်း မြင့်မားလှကြောင်း လက်တွေ့မြင်တွေ့ခဲ့ရသည်။



တက္ကသိုလ်ဝင် စာမေးပွဲတွင် ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ သင်္ချာ ဘာသာရပ်လေးခုဖြင့် ဂုဏ်ထူးရ အောင်မြင်ခဲ့သော ချင်းတိုင်းရင်းသားလေး မောင်ငွန်ကျုံးလျှန် ကြေးမုံသတင်းအဖွဲ့သို့ ရှင်းပြစဉ်။

ထို့အပြင် အထက(၁)ဟားခါးကျောင်းမှပင် နေ့စဉ်ထုတ် သတင်းစာကြီး သုံးစောင်ကိုလည်း နံနက် ၈ နာရီတွင် A4 စာရွက်ပုံစံငယ်ဖြင့် အင်တာနက်မှ ကူးယူကာ ပြည်နယ်အတွင်းရှိ အုပ်ချုပ်ရေးရုံးနှင့် အခြားအရေးကြီးဌာနများသို့ တစ်ဆင့်ဖြန့်ဝေပေးနိုင်မှုမှာလည်း အလွန်မှပင်မှန်ကန်မြန်ဆန်သော သတင်းဖြန့်ချိမှုတစ်ရပ်အဖြစ် မြင်တွေ့ခဲ့ရသည်။

ယင်းကျောင်းမှပင် တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးရှင်သုံးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင်ငါးဦးရသူများရှိကြောင်း သိရသည့်အတွက် ထိုကလေးများနှင့် တွေ့ဆုံမေးမြန်းခွင့် တောင်းခဲ့ရာ မြန်မာစာ၊ သင်္ချာ၊ ရူပဗေဒ၊ ဇီဝဗေဒ ဂုဏ်ထူးရခဲ့သူ ချင်းတိုင်းရင်းသားလေး မောင်ကမ်ဆမ်ပဲန်းနှင့် ဦးစွာ စကားပြောခွင့်ရခဲ့သည်။

ခုံအမှတ် ခဟ-၁၄၆ဖြင့် ဝင်ရောက်ဖြေဆိုခဲ့ရာ ဂုဏ်ထူးလေးဘာသာဖြင့် အောင်မြင်ခဲ့ကြောင်း၊ အမှတ်ပေါင်း ၄၆၇ မှတ်ရ၍ ဆေးတက္ကသိုလ်ဝင်ခွင့် လျှောက်ထားကြောင်း သိရသည်။ ကျောင်းမှ ဆရာများ၏ သင်ကြားမှုတို့ကို တစ်နေ့တာအလိုက် ပြန်လည်ပြီးဆုံးအောင် ကျက်မှတ် တွက်ချက်ခဲ့သည့်အပြင် ကျောင်းမှ အချိန်ပိုခေါ်ယူသင်ကြားမှု၊ အနီးကပ်ပို့ချမှု၊ စခန်းသွင်းလေ့ကျင့်မှုများကို မလွတ်တမ်း သွားရောက်သင်ကြားခဲ့ကြောင်း သိရသည်။ သို့ကြောင့် ယခုလို အောင်မြင်မှုများ ရခဲ့ကြောင်း၊ တက္ကသိုလ်ပညာသင်ယူပြီးပါက ကိုယ့်အရပ် ကိုယ့်ဒေသမှာပင် ပြန်လည် တာဝန်ထမ်းဆောင်လိုကြောင်း ၎င်း၏ ရည်မှန်းချက်ကိုပါ အားရဝမ်းသာပြောကြားသည်ကို ပီတိဖြစ်ဖွယ်ကြားသိခဲ့ရသည်။

ဆက်လက်၍ ခုံအမှတ် ခဟ-၂၂၉ ဖြင့် သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ ဇီဝဗေဒ ဂုဏ်ထူးလေးခု ရအောင်ဖြေကြား အောင်မြင်ခဲ့သူ ချင်း



တက္ကသိုလ်ဝင် စာမေးပွဲတွင် အင်္ဂလိပ်စာ၊ ရူပဗေဒ၊ ဇီဝဗေဒ ဂုဏ်ထူးသုံးခုဖြင့် အောင်မြင်ခဲ့သော ချင်းတိုင်းရင်းသူလေး မဝုန်သျှန်ကြန် ရှင်းပြစဉ်။

တိုင်းရင်းသားလေး မောင်ငွန်ကျုံးလျှန်မှာ မိဘမဲ့ကျောင်းသားလေး ဖြစ်သည်။ မိဘမဲ့ဂေဟာတွင် နေထိုင်ပြီး ပညာကို အပတ်တကုတ်ကြိုးစား သင်ယူခဲ့သူ တစ်ယောက်လည်းဖြစ်သည်။ ကျောင်းမှ ဆရာများ၏ အနီးကပ် သင်ကြားမှု၊ စခန်းသွင်း လေ့ကျင့်မှုများတွင်သာ သင်ယူမှုပြုခဲ့သည်။ မသိသည်များကို ဆရာများထံမှ မရှက်မကြောက်မှတ်သားနာယူခဲ့သည့်အတွက် ယခုလို ဂုဏ်ထူးများရရှိကြောင်း၊ ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများ အားလုံး၏ ကျေးဇူးတရားကိုဘယ်တော့မှ မေ့မှာမဟုတ်ကြောင်း၊ တစ်ချိန်ချိန်တွင် ကျေးဇူးဆပ်ခွင့်ကြုံပါက ပြန်လည်ပေးဆပ်လိုကြောင်း ပြောကြားသည်ကို ကြားသိလိုက်ရသည်မှာ ရင်ထဲမှာနင့်ခနဲပင် စူးစူးနစ်နစ် ခံစားလိုက်ရသည်။

ထို့အပြင် သူ့အနေဖြင့် ဆေးတက္ကသိုလ်သို့ လျှောက်ထားရာ အောင်မြင်ပြီးဆုံးပါက ကိုယ့်ဒေသမှာပင် ပြန်လည် အလုပ်အကျွေးပြုလိုကြောင်း၊ အထူးသဖြင့် မိမိလိုချို့တဲ့သူ မိဘမဲ့သူများအား ပြုစုပျိုးထောင် ပေးလိုကြောင်း ထပ်မံကြားလိုက်ရသည်ကြောင့် နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သော ရတနာအဖြစ် ဂုဏ်ယူမိပါတော့သည်။



ကျောင်းအသီးသီးသို့ စာသင်ကြားရန်သွားနေကြသော ကျောင်းသား ကျောင်းသူလေးများအား မြင်တွေ့ရစဉ်။

ထိုနည်းတူ သုံးဘာသာဂုဏ်ထူးရှင် “မဝုန်သျှန်ကြန်”ကလည်း ယမန်နှစ်က စာဖြေနေရင်း ကျန်းမာရေးကြောင့် မအောင်မြင်ခဲ့သော်လည်း ယခုနှစ်တွင် ခုံအမှတ် ခဟ ၅၃၈ဖြင့် ဝင်ရောက်ဖြေဆိုခဲ့ရာ အင်္ဂလိပ်စာ၊ ရူပဗေဒ၊ ဇီဝဗေဒဘာသာတို့တွင် ဂုဏ်ထူးများရခဲ့ကြောင်း၊ ဘာသာအလိုက် နံနက်၅နာရီ မှ ၇နာရီအထိ တစ်ကြိမ်ကျက်မှတ်ပြီး ညနေ၅နာရီမှ ည၁၁နာရီအထိ ကျက်မှတ်ခဲ့ကြောင်း၊ ၎င်းအနေဖြင့် ကျန်းမာရေးကြောင့် ပြင်ပစာဖြေဌာနမှ ဖြေဆိုခဲ့ရသော်လည်း ကျောင်းမှ ဆရာများ၏ သင်ကြားမှု ပြသမှုကို တစ်နှစ်ပတ်လုံး ခံယူခဲ့မှုကြောင့် ယခုလို အောင်မြင်ခဲ့ကြောင်း သိရသည်။ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးတွင် တစ်ထောင့်တစ်နေရာမှ ပြန်လည်ဆောင်ရွက်လိုကြောင်း ၎င်း၏ ဆန္ဒကို ထုတ်ဖော်ပြောကြားခဲ့သည်။

ပြည်နယ်တစ်ခုလုံးအနေဖြင့် ပညာရေးတွင် ထူးချွန်သော ကျောင်းသားကျောင်းသူများ ပေါ်ထွက်ရုံမျှမက ဘက်စုံ ပညာရေးအနေဖြင့်လည်း ၂၀၀၈ ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဗဟိုအဆင့် ဒုတိယဆုကို ဖလမ်းအထက(၂)မှ နဝမတန်းကျောင်းသူ မဇာထွေးခင် ကလည်းကောင်း၊ ၂၀၀၈ နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဗဟိုအဆင့် ဒုတိယဆုကို တီးတိန်အထက(၁)မှ ဒသမတန်းကျောင်းသူ မဝုန်ဆန်ကျင်း ကလည်းကောင်း၊ ၂၀၀၈ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဗဟိုအဆင့် အထက်တန်းတွင် ပထမဆုကို ဟားခါး အထက(၁)မှ အဋ္ဌမတန်းကျောင်းသူ မနီယာန်ချင်းပါရီကလည်းကောင်း၊ ဗဟိုအဆင့် အလယ်တန်းတွင် ဖလမ်း အလကမှ သတ္တမတန်းကျောင်းသူ မကက်သရင်းရှုန်မွန်ကိမ်းတို့က ပထမဆုရရှိခဲ့ကြသည်။

ခြုံ၍ဆိုရသော် ချင်းပြည်နယ်အနေဖြင့် ပညာရေးကဏ္ဍတွင် ဆရာ၊ ဆရာမများ၏ စေတနာ၊ ဝါသနာ၊ အနစ်နာဖြင့် ကြိုးစားသင်ကြားပေးမှုနှင့် ခံယူသူတပည့်များ၏ လုံ့လစွမ်းအားကြောင့် ပညာရေးအဆင့်အတန်းတွင် အခြားသော မြို့ကြီးများနည်းတူ အောင်မြင်မှုရရှိနေပါကြောင်း ထင်လင်းစွာ တွေ့မြင်ခဲ့ရပေသည်။ ။



အထက(၁)ဟားခါးတွင် ကျောင်းသူလေးများအား အိမ်တွင်း လက်မှုအတတ်ပညာ လက်တွေ့သင်ကြားပေးစဉ်။

## အထက(၁)လမ်းမတော်( စိန့်ဂျွန်း) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၉**

အထက(၁)လမ်းမတော်(စိန့်ဂျွန်း)၁၉၆၈-၈၄ ပညာသင်နှစ် ကျောင်းသားဟောင်းများ ကြီးမှူးကျင်းပသည့် စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ရက် (ကြာသပတေးနေ့) နံနက် ၉နာရီတွင် ကျောင်းခန်းမဆောင်ကြီး၌ ကျင်းပမည်ဖြစ်ရာ ကိုမျိုးသိမ်း ဖုန်း-၀၉၅၀၀၂၂၅၄၊ကိုသက်ငွေး ဖုန်း-၀၉၅၀၀၆၆၅၂၊ ဒေါက်တာဟံဝင်း ဖုန်း-၀၉၅၀၁၃၁၈၉၊ ကိုညိုထွန်း ဖုန်း-၀၉၅၀၄၉၂၉၀၊ ကိုခင်စိန် ဖုန်း-၀၉၅၁၇၄၉၈၀၊ ကိုမင်းသွင်ညွန့် ဖုန်း-၀၉၅၀၀၆၉၉၀၊ ကိုဉာဏ်ထွန်း ဖုန်း-၀၉၅၀၁၃၈၃၇၊ ကိုဝင်းကို ဖုန်း-၀၉၈၀၂၂၅၅၂၊ ကိုအောင်တင့် ဖုန်း-၀၉၅၀၁၂၃၀၄၊ ကိုဝင်းကြည် ဖုန်း-၀၉၅၁၇၀၉၁၉၊ ဒေါက်တာမြင့်စိုး ဖုန်း-၀၉၉၉၂၅၁၀၅၊ ကိုဇော်ဝင်းဦး ဖုန်း-၀၉၅၁၁၅၈၃၈၊ ကိုစောမြအောင် ဖုန်း-၀၉၅၁၀၇၁၃၆၊ ကိုမင်းသိမ်း ဖုန်း-၀၉၅၁၄၄၆၆၁ တို့သို့ အလှူငွေများ ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)



(10-12)08.pmd 1 12/10/2008, 2:13 AM

## ❑ ကျောဖုံးမှ

စပါးခွံလောင်စာသုံး ကျေးရွာလျှပ်စစ်ဓာတ်အားပေးစက် တည်ဆောက်ပြီးစီးမှုနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ် ဖြန့်ဝေနေမှုအခြေအနေများကိုလည်းကောင်း၊ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး အစီအစဉ်အရ ညှိနှိုင်းစီမံအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ဒေါ်ဝင်းဝင်းခိုင်မိသားစု၏ ဂျုံရိုးဦးထုပ်လုပ်ငန်းကိုလည်းကောင်း၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် တည်ထောင်ဖွင့်လှစ်ထားရှိမှုနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ရေရှည်တည်တံ့ဖွံ့ဖြိုးအောင် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှု၍ အားပေးစကား ပြောကြားကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ငါးလုံးတင်ကျေးရွာအုပ်စု၊ မှန်ချိုကျေးရွာအုပ်စု၊ ထူးနီကျေးရွာအုပ်စု၊ မကျီးခွကျေးရွာအုပ်စု၊ တောကျောင်းကြီး ကျေးရွာအုပ်စုစသည့် ကျေးရွာအုပ်စုငါးအုပ်စု၊ ရွာပေါင်း ၁၂ရွာတို့မှ ဒေသခံပြည်သူ ၃၅၀၀ နှင့်တွေ့ဆုံရာ ဒေသခံတာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်စိုးက နိုင်ငံတော်အစိုးရနှင့် ပြည်သူများ ပူးပေါင်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်အကောင်အထည်ဖော်နေမှုများကို အရှိန်အဟုန်မပျက် ဆက်လက်ဖော်ဆောင်နိုင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရေး၊ ပြည်တွင်းပြည်ပ အဖျက်အမှောင့် အန္တရာယ်များကို သတိရှိရှိဖြင့် ဝိုင်းဝန်းကာကွယ်ကြရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် စာပေဖတ်ရှုလေ့လာမှုမှ အခြေခံ၍ ကြိုးစားမြှင့်တင်ကြရန်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်သို့ ချီတက်ရာတွင် ပြည်သူများက ကျရာအခန်းကဏ္ဍမှ ပူးပေါင်းပါဝင်ထမ်းဆောင်ကြရေးမှာကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးက ဒေသခံပြည်သူများအတွက် အဝတ်အထည်များနှင့် အရန်မီးသတ် တပ်ဖွဲ့ဝတ်စုံများကိုလည်းကောင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးဆောင်ရွက်နိုင်ရန်အတွက် အလှူငွေများကိုလည်းကောင်း၊ ဒေသခံပြည်သူများအတွက် အဝတ်အထည်များ၊ အိမ်သုံးပစ္စည်းများ၊ ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ဒေသခံတာဝန်ရှိသူများက လက်ခံကြပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ ငါးလုံးတင်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွင် ကြည့်ရှုအားပေးကြစဉ်။** (သတင်းစဉ်)

## ■ သွင်းကုန်မှ

ကျိုနီကျေးရွာသည် အိမ်ခြေ ၂၁၇ လုံး၊ မူလတန်းကျောင်း တစ်ကျောင်းရှိသော စံပြကျေးရွာဖြစ်ပြီး စပါး၊ ခရမ်းချဉ်၊ ငရုတ်တို့ကို အဓိကစိုက်ပျိုးလုပ်ကိုင်ကြသည်။ ကျိုနီ-သီးကုန်း-မင်းရွာ-သပြေရိုး-ကြို့ကုန်း ကျေးရွာချင်းဆက် လမ်းပေါ်၌ သီးကုန်းနှင့် မင်းရွာကြားတွင် ချောင်း တံတားရှိရာ RC ကွန်ကရစ်အမျိုးအစားဖြစ်ပြီး ငွေကျပ်သိန်း ၁၃၀ အကုန်အကျခံကာ ဆောက်လုပ်ထားခြင်းဖြစ်သည်။

ကျိုနီ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်ဝင်းနှင့် ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးသန်းတို့က သီးကုန်းကျေးရွာ အဝင်လမ်း မဖောက်လုပ်မီက ရန်ကုန်-မန္တလေး ကားလမ်းမကြီးကို အမြင်နီးပါလျက် ခရီးဝေးခဲ့ရပြီး သွားလာရေး ခက်ခဲခဲ့ကြောင်း၊ လမ်းဖောက်လုပ်သောအခါ ရွာသူရွာသားများ ဝိုင်းဝန်းပါဝင် ဖောက်လုပ်ခဲ့ကြကြောင်း၊ ယခုအခါ ရာသီမရွေး၊ အချိန်မရွေးသွားလာမှု လွယ်ကူ၍ အားလုံးဝမ်းမြောက် ဂုဏ်ယူနေကြကြောင်း၊ ဆက်သွယ်မှုလွယ်ကူ၍ ကျေးရွာသားများ၏ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်မှုရှိလာကြောင်းဖြင့် ရှင်းလင်းပြောကြားကြသည်။

ကျိုနီကျေးရွာသည် ဝမ်းတွင်းမြို့နှင့် သဲတောမြို့များမှ မှာယူသော စက်ရက်ကန်းစင်များကို ထုတ်လုပ်လျက်ရှိရာ စက်မှုစံပြကျေးရွာလည်း ဖြစ်သည်။ ယခင်က ဝမ်းတွင်းနှင့် သဲတောမြို့များမှ အထည်လုပ်ငန်းရှင်များသည် စက်ရက်ကန်းစင်များကို နိုင်ငံခြားမှ မှာယူတင်သွင်းခဲ့ရသော်လည်း ယခုအခါ ကျိုနီကျေးရွာမှ ထုတ်လုပ်နိုင်ပြီဖြစ်၍ သွင်းကုန်အစားထိုးနိုင်ခဲ့ပြီ ဖြစ်သည်။

ကျိုနီကျေးရွာမှ တစ်နိုင်တစ်ပိုင် လုပ်ငန်းရှင်များသည် စက်ရက်ကန်းစင်များကို သံရည်ကျိုပုံသွန်းလောင်း၍ စက်အစိတ်အပိုင်း အားလုံးကို ထုတ်လုပ်နိုင်ကြပြီး စက်ရက်ကန်းစင် အကြမ်းတစ်ခုလျှင် ငွေကျပ် ၆၅၀၀၀၀ခန့်သာကုန်ကျရာ နိုင်ငံခြားမှ မှာယူသည်ထက်များစွာ အကုန်အကျသက်သာကြောင်း သိရသည်။

၁၉၇၃ ခုနှစ်တွင် ဝမ်းတွင်းနှင့် သဲတောမြို့များမှ အထည်လုပ်ငန်းရှင်များက စက်ရက်ကန်းစင်၏ စက်အရန်ပစ္စည်းများကို လာရောက်အပ်နှံခဲ့ကြရာမှ ယခုအခါ စက်တစ်ခုလုံးကို လာရောက်အပ်နှံကြခြင်းဖြစ်သည်။ အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ စက်ရုံအလုပ်ရုံများ၌ လိုအပ်သော စက်အရန်ပစ္စည်းများကိုလည်း ထုတ်လုပ်ပေးလျက်ရှိသည်။

စက်ရက်ကန်းစင် တစ်ခုလျှင် သုံးရက်ကြာ ပုံသွန်းလောင်းရပြီး သံအရိုင်းပိဿာ ၆၀၀ ခန့် ကုန်ကျကြောင်း၊ သံရည်ကျိုရာ၌ ရေနံချေးမီးသွေးတောင့်ကို အသုံးပြုကြောင်း၊ ရေနံချေးမီးသွေးတောင့် တစ်ပိဿာလျှင် ကျပ် ၃၅၀ ကုန်ကျကြောင်း ကျိုနီကျေးရွာမှ တစ်နိုင်တစ်ပိုင် လုပ်ငန်းရှင်ဦးညီရှိန်က လုပ်ငန်းခွင်၌ ရှင်းလင်းပြောကြားသည်။

ကျိုနီကျေးရွာတွင် ကျေးလက်ကျန်းမာရေး စောင့်ရှောက်မှုဌာနကို ငွေကျပ်သိန်း ၅၀ အကုန်အကျခံ၍ တည်ဆောက် ဖွင့်လှစ်ထားရာ အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းက ငွေကျပ် သိန်း ၂၀၊ ကျေးရွာမှ ငွေကျပ်သိန်း ၃၀ ထည့်ဝင်ခဲ့ကြသည်။ ကျိုနီကျေးရွာ ကျေးလက် ကျန်းမာရေးစောင့်ရှောက်မှုဌာနသည် ကျေးရွာပေါင်း ၁၃ရွာမှ လူဦးရေ နှစ်သောင်းကျော်ကို ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။

ကျိုနီစက်မှုစံပြကျေးရွာမှ ရပ်မိရပ်ဖ တစ်ဦးဖြစ်သူ ဦးမောင်ပုက ယခင်ကျေးရွာချင်းဆက်လမ်း မဖောက်မီက လယ်ကွက်များကြားမှ နွားလှည်းများဖြင့် ခက်ခက်ခဲခဲသွားခဲ့ရကြောင်း၊ ရန်ကုန်-မန္တလေး ကားလမ်းမနှင့် ဆက်သွယ်သည့် ကျိုနီရွာအဝင်လမ်းနှင့် တံတားကို ကျိုနီရွာနှင့် ဟင်းခွက်အိုင်ရွာတို့ပူးပေါင်း၍ ကိုယ့်အားကိုယ်ကိုး ဖောက်လုပ်ခဲ့ပြီး ၂၀၀၇ ခုနှစ် မေ ၃ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ယခင်က ဝမ်းတွင်းမြို့သို့ စက်ရက်ကန်းစင်များ ပို့ရာတွင် နွားလှည်းတစ်တန်၊ ကားတစ်တန် သွားခဲ့ရသဖြင့် ရွာမှ နံနက်စောစောထွက်လျှင် ဝမ်းတွင်းမြို့သို့ ည ၁၁ နာရီခန့်မှ ရောက်ရှိကြောင်း၊ ယခုအခါ ရွာမှကားဖြင့် တိုက်ရိုက်သွားပို့နိုင်ပြီဖြစ်၍ အချိန်ကုန်များစွာ သက်သာပြီး သယ်ယူပို့ဆောင်စရိတ်စကလည်း သက်သာသွားကြောင်း၊ ကျိုနီရွာသူရွာသားများ စီးပွားရေး ကောင်းမွန်လာကြ၍ ယခုအခါ ကျိုနီကျေးရွာ အုပ်စုတွင် ဆိုင်ကယ် ၅၀ ခန့်၊ ဟိုင်းလတ်ကား ရှစ်စီး၊ ဒိုင်နာကား နှစ်စီး၊ ဂျစ်ကားနှစ်စီး၊ ထော်လာဂျီသုံးစီးရှိကြောင်း၊ ဆိုင်ကယ်သံတဝီဝီဖြင့် အချိန်မရွေး သွားလာနေကြပြီဖြစ်ကြောင်း၊ လမ်းဖြစ်မြောက်ရေးအတွက် ဦးဆောင်၍ စီစဉ်ပေးခဲ့ကြသော မြို့နယ်ဥက္ကဋ္ဌ ဦးစန်းငွေးနှင့်မြို့မိမြို့ဖ ဦးတင်ဦးတို့ကို အထူးကျေးဇူးတင်နေကြကြောင်းဖြင့် ပြောကြားသည်။

ကျိုနီ စက်မှုစံပြ ကျေးရွာတွင် စက်ရေတွင်းနှင့် မီးစက်တို့ရှိရာ မြို့ပြနှင့်မခြား လူနေမှုအဆင့်အတန်း မြင့်မားလျက်ရှိသည်။ လက်ရှိကျေးရွာစာကြည့်တိုက်ကိုလည်း အဆင့်မီစာကြည့်တိုက် ဖြစ်လာရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိရာ အားတက်ဖွယ်ရာပင်ဖြစ်သည်။

ရပ်မိရပ်ဖ တစ်ဦးဖြစ်သူ ကျိုနီကျေးရွာမှဦးလှဆောင်သည် အသက်(၇၀)ကျော်သော်လည်း ကျန်းမာသန့်စွမ်းပြီး ဖျတ်လတ်တက်ကြွဆဲဖြစ်သည်။ ဦးလှဆောင်တို့ မိသားစုသည် စက်ရက်ကန်းစင်လုပ်ငန်းဖြင့် စီးပွားရေး တိုးတက်ကောင်းမွန်ခဲ့ရာ ယခုအခါ တိုက်ခံအိမ်၊ ခြံကြီးဝင်းကြီးနှင့် ဒိုင်နာကားတစ်စီး ပိုင်ဆိုင်ကာ လူနေမှု အဆင့်အတန်း မြင့်မားစွာ နေထိုင်နိုင်ကြပြီဖြစ်သည်။ မြို့ပြသို့ ပြောင်းရန် စိတ်ကူးပင်မရှိဟု အဘ ဦးလှဆောင်က ပြုံးရွှင်စွာ ပြောပြသည်။



**ပျော်ဘွယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစန်းငွေး၊ မြို့မိမြို့ဖ ဦးတင်ဦးနှင့် ကျိုနီကျေးရွာအုပ်စုမှ တာဝန်ရှိသူများက ကျိုနီ-သီးကုန်း-မင်းရွာ-သပြေရိုး-ကြို့ကုန်း ကျေးရွာချင်းဆက် ကိုယ့်အားကိုယ်ကိုးလမ်း ဖောက်လုပ်ခဲ့မှုများကို ဤသို့ ရှင်းလင်းပြသခဲ့သည်။**

ပျော်ဘွယ်မြို့နယ်မှ ကျိုနီစက်မှုစံပြကျေးရွာသည် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်များဖြစ်သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်အနက် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ကျေးလက်ဒေသ ကျန်းမာရေး တိုးတက်ကောင်းမွန်ရေးနှင့် ကျေးလက်နေ ပြည်သူများ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့ကို လက်တွေ့အကောင်အထည်ဖော် လုပ်ဆောင်နိုင်ခဲ့ပြီဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။



**"ကျိုနီစက်မှုစံပြကျေးရွာမှာ ယခင်ကျေးရွာချင်းဆက်လမ်းမဖောက်မီက လယ်ကွက်များကြားမှ နွားလှည်းများဖြင့် ခက်ခက်ခဲခဲ သွားခဲ့ရပါတယ်၊ ယခုအခါ ရွာမှကားဖြင့် တိုက်ရိုက်သွားနိုင်ပြီဖြစ်၍ အချိန်ကုန်သက်သာပြီး သယ်ယူပို့ဆောင်စရိတ်များလည်း သက်သာသွားပါတယ်"**

*ဦးမောင်ပု(ရပ်မိရပ်ဖ၊ ကျိုနီကျေးရွာ)*

## မြောက်ဥက္ကလာပ အမက(၁၂) အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၉**

မြောက်ဥက္ကလာပမြို့နယ် (၉) ရပ်ကွက် အမက (၁၂)၌ ၁၉၆၀-၁၉၈၀ ပညာသင်နှစ်အတွင်း ပညာသင်ကြားပေးခဲ့ကြသည့် ဆရာ၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက စတုတ္ထအကြိမ်အာစရိယပူဇော်ပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၂၅ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ အဝေးရောက် အပူဇော်ခံ ဆရာ၊ ဆရာမကြီးများသည် ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၇ ရက် နောက်ဆုံးထား၍ ဆက်သွယ်ပါရန်နှင့် အရှင်ဩဘာသ၊ မြတ်မင်္ဂလာကျောင်း၊ ဖုန်း-၆၉၁၄၉၉၊ ဒေါက်တာမြင့်မြင့်အေး (အရုဏ်ဦးဆေးခန်း) ဖုန်း-၆၉၉၈၉၆၊ ဦးအေးလွင် [ကြန္ဒာ (၅)လမ်း] ဖုန်း-၆၉၀၂၈၄ နှင့် ဦးဝင်းနိုင် ဖုန်း-၆၉၀၀၀၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

## ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၉**

ဒီမိုကရေစီနိုင်ငံတော်သစ်နှင့် ပြည်သူ့ဝန်ထမ်းအကြောင်းနှင့် ပတ်သက်ပြီး အဆင့်မြင့်အရာရှိကြီးများ၊ စာရေးဆရာများ၏ သုံးသပ်ချက်များပါသည့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၄) အမှတ်(၄၈) ထွက်ရှိလာသည်။

ထို့အပြင် မြန်မာလုပ်သားများ ကိုရီးယားတွင် တရားဝင်အလုပ်လုပ်ရန် သွားရောက်တော့မည်၊ ဖိလစ်ပိုင်က မြန်မာ့ပို့ကုန်များကို အခွန်ကင်းလွတ်ခွင့်ပြုပြီ၊ ရတနာပုံဒိုင်းမွန်းပလာဇာဆိုင်ခန်းများ စတင်ရောင်းချတော့မည်၊ ရတနာပုံမြို့သစ် တောင်ပေါ်အပန်းဖြေစခန်းအိမ်ရာစီမံကိန်း ကြိုပွိုင့်ဖြင့် ဝယ်ယူနိုင်ရန်စီစဉ်နေ၊ မြန်မာ့ပဲနှင့်ဆန် အစ္စရေးမှတစ်ဆင့် အရှေ့အလယ်ပိုင်းသို့ တိုးချဲ့ပို့ရန်စီစဉ်၊ ရွှေဈေးကွက်အကြောင်း တစေ့တစောင်း၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "စာပေဟောပြောပွဲ"အကြောင်း၊ ခန့်စည်သူက ဘယ်တော့အိမ်ထောင်ပြုမလဲမသိသေးပါ ဖျော်ဖြေရေးသတင်းများ အပါအဝင် ကဏ္ဍစုံလင်စွာဖြင့် ပြည်တွင်းရေးရာ သတင်းများပါရှိသည်။

စီးပွားရေးကျဆင်းသော်လည်း လာမည့်နှစ်တွင် စင်ကာပူနိုင်ငံသားများ လစာတိုးမြှင့်ရရှိနိုင်၊ သဘာဝဘေးအန္တရာယ်များ၏ ဆိုးကျိုးသက်ရောက်မှုများ လျော့ပါးစေရန် အာဆီယံအစိုးရများ ငွေကြေးမြှုပ်နှံထားရမည်ဟုဆို၊ အိန္ဒိယက ပါကစ္စတန်အား မွန်ဘိုင်းတိုက်ခိုက်ခံရမှုအတွက် သံသယရှိသူများအား လွှဲပေးရန်တောင်းဆို၊ စင်ကာပူဝါရင့်နိုင်ငံရေးခေါင်းဆောင် လီကွမ်ယူ ခွဲစိတ်ကု သမှုခံယူ၊ အိုဘားမားက ဇနီးသည်အားယူရိုနှစ်သောင်းတန် ရှားပါးရွှေလက်စွပ်ဝယ်ပေးမည်၊ ကြားနေ နေရာတစ်ခုတွင် အိုဘားမားနှင့် တွေ့ဆုံဆွေးနွေးရန် ရောလ်ကက်စထရို အဆင်သင့်၊ မွေးဖွားရာတွင် နာကျင်မှုသက်သာချင်သလား ကိုယ်ဝန်ဆောင်များ ရေထဲမှာ အေရိုးဗစ်ကစား၊ မင်္ဂလာဆောင်အိမ်မှ သီချင်းသံကျယ်လွန်းသည်ဟုဆိုကာ သတို့သားနှင့် သတို့သားအရံ နှစ်ဦးစလုံးကို ဓားဖြင့်ထိုးသတ်မှုဖြစ်ပွား မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ ပြောရဦးမယ် သူတို့က ဒီလိုတဲ့ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၀-၁၂-၂၀၀၈ (ဗုဒ္ဓဟူးနေ့)**

<u>နံနက်ပိုင်း</u>

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ တေးသရုပ်ဖော်အစီအစဉ်
- ၇း၅၅ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈း၁၀ ၆။ အတီးပြိုင်ပွဲ
- ၈း၃၀ ၇။ International News
- ၈း၄၅ ၈။ တေးဂီတစီအစဉ်
- ၉း၀၀ ၉။ အစီစဉ်ပြီး၏။

<u>ညပိုင်း</u>

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄း၂၀ ၃။ နားဝင်ပီယံသူ့လက်သံ
- ၄း၃၀ ၄။ သီချင်းကြီးပဒေသာ
- ၄း၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - ပထမနှစ်သတ္တဗေဒ အထူးပြု (သတ္တဗေဒ)
- ၄း၅၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၀၀ ၇။ အဆိုပြိုင်ပွဲ
- ၅း၀၅ ၈။ **'ပျော်ရွှင်ကျန်းမာ သန့်စင်သောအစာ' (ဆုပန်ထွာ၊ ပွင့်၊ ဝွမ်းပုံကြီး၊ ဟဲဗီးဖြိုး) (ဒါရိုက်တာ- ကြည်စိုးထွန်း)**
- ၅း၁၀ ၉။ မူဟန်သွယ်သွယ် ဆိုကြမယ်
- ၅း၂၀ ၁၀။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၅း၃၀ ၁၁။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုဆုရ တောင်ကြီးမြို့ အလှပသာဒ
- ၅း၄၅ ၁၂။ တေးဂီတအစီအစဉ်
- ၆း၀၀ ၁၃။ ညနေခင်းသတင်း
- ၆း၃၀ ၁၄။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၅။ မြန်မာ့ဓလေ့ ရိုးရာလက်ဖွဲ့
- ၆း၄၅ ၁၆။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၇း၂၀ ၁၇။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၈း၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ **မြန်မာဗီဒီယိုဇာတ်လမ်း "တစ်ပွင့်ကြွေတစ်ပွင့်သစ်ပန်းဖြစ်ရင်လည်း အကောင်းသား" (လူမင်း၊ ထက်ထက်မိုးဦး၊ ပန်းဖြူ) (ဒါရိုက်တာ- ဟိန်းစိုး)**
- ၂၂ ။ အစီအစဉ်ပြီး၏။






## IBTC Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ (၁၈)ကျင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၉**

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် Myanmar P.G.A တို့က ကြီးမှူး၍ International Beverages Trading Co., Ltd က အဓိက ကူညီပံ့ပိုးသော မြန်မာ-ပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ(Myanmar Golf Tour 2008- 2009)၏တတိယပွဲစဉ်အဖြစ် IBTC Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၈ရက်နံနက်၈နာရီခွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ Lashio Golf Club ၌ ဆက်လက်ကျင်းပသည်။

ဒုတိယနေ့ ၁၈ ကျင်းပြိုင်ပွဲ အပြီးတွင် Professional Golfers ပြိုင်ပွဲ၌ မင်းနိုင်(Srixon)**(ဝဲပုံ)** နှင့် ဇော်ဇော်လတ် (Srixon) တို့က နှစ်ရက်ပေါင်း ရိုက်ချက် ၁၄၁ ချက်စီဖြင့် ဦးဆောင်ကစားလျက်ရှိကြသည်။

သိန်းဇော်မြင့် (KM Golf Centre) က နှစ်ရက်ပေါင်း ရိုက်ချက်၁၄၂ ချက်ဖြင့် ဒုတိယလိုက်ပြီး မြင့်ရွှေ (Srixon) က နှစ်ရက်ပေါင်းရိုက်ချက် ၁၄၃ ချက်ဖြင့် တတိယလိုက်နေကာ ယဉ်အောင်လတ်နှင့် ကျော်စွာလင်း (Srixon)တို့က နှစ်ရက်ပေါင်း ရိုက်ချက် ၁၄၄ ချက်စီဖြင့် စတုတ္ထလိုက်နေကြသည်။

**တတိယလိုက်**

အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် ဘိုဘိုက နှစ်ရက်ပေါင်းရိုက်ချက် ၁၃၉ ချက်ဖြင့် ဦးဆောင် ကစားလျက်ရှိသည်။ စိုးမိုးဝင်းနှင့် အောင်ဝင်း (သစ်တော)တို့က နှစ်ရက်ပေါင်းရိုက်ချက် ၁၄၀ ချက်စီဖြင့် ဒုတိယလိုက်နေကြပြီးစိုးမိုးအောင်ကနှစ်ရက်ပေါင်း ရိုက်ချက် ၁၄၂ ချက်ဖြင့် တတိယလိုက်နေသည်။

အဆိုပါပြိုင်ပွဲကို မြန်မာဂေါက်သီးအကျော်အမော်များပေါ်ထွက်လာရေးအတွက် ရည်ရွယ်၍ Main Sponsor အဖြစ် International Beverages Trading Co., Ltd က အဓိကကူညီပံ့ပိုးပြီး Co-Sponsors များ ဖြစ်ကြသော Air Bagan Ltd., Hotel Yangon, Ruby Dragon(Jade and Gems) Co.,Ltd, KBZ Bank Ltd., Alpine Purified Drinking Water, MY Associates Co.,Ltd, Srixon, ကျားခေါင်းဘီလပ်မြေ၊ KM Golf Centre, ACCEL International Co.,Ltd(Canon) နှင့် Lifeline(DHEA-Plus) တို့ကလည်း ထပ်မံ၍ ပံ့ပိုးကူညီကြကာ ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Han Event Management က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းတွင် တတိယနေ့ ၁၈ ကျင်းပြိုင်ပွဲကို ယင်းဂေါက်ကလပ်၌ပင်ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အမျိုးသားဘတ်စကက်ဘောအကြိုဗိုလ်လုပွဲများကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၉**

၂၀၀၈ခုနှစ် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အလွတ်တန်းနှင့် သက်တန်းအလိုက် ဘတ်စကက်ဘောပြိုင်ပွဲ အမျိုးသားအလွတ်တန်းနှင့် အသက်(၂၀)နှစ်အောက် အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ဒီဇင်ဘာ ၉ရက်နံနက် ၈ နာရီမှ စ၍ အောင်ဆန်းကွင်း မိုးလုံလေလုံအားကစားရုံ၌ ဆက်လက်ကျင်းပသည်။

**အနိုင်ရရှိ**

အမျိုးသားယူ-၂၀ ပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲတွင် D.G.H အသင်းက Furious အသင်းကို (၆၇-၅၅)မှတ်၊ ဒုတိယ အကြိုဗိုလ်လုပွဲတွင် မိုးကုတ်အသင်းက I.S.M အသင်းကို (၄၅-၄၁) မှတ်တို့ဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့တက်ရောက်သွားသည်။ အမျိုးသား အလွတ်တန်းပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲတွင် Fox အသင်းက React အသင်းကို (၇၄-၅၃)မှတ်၊ ဒုတိယ အကြိုဗိုလ်လုပွဲတွင် M.B.F အသင်းက တနင်္သာရီရေတပ်စခန်းဌာနချုပ်အသင်းကို(၈၂-၅၄) မှတ်တို့ဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ အလွတ်တန်းအမျိုးသမီးပြိုင်ပွဲတွင် လယ်/ဆည်အသင်းက စက်မှု(၁)ကို (၆၃-၄၃)မှတ် တို့ဖြင့် အနိုင်ရသွားသည်။ အုပ်စုပတ်လည် ပွဲစဉ်အပြီးတွင် လယ်/ဆည်အသင်းက နှစ်ပွဲကစား၊ နှစ်ပွဲနိုင်ဖြင့် အုပ်စုပထမ၊ စက်မှု(၁)က တစ်ပွဲနိုင် ၊ တစ်ပွဲရှုံးဖြင့် အုပ်စု ဒုတိယရရှိကာ ဗိုလ်လုပွဲသို့ တက်သွားသည်။

ပြိုင်ပွဲများကို ဒီဇင်ဘာ ၁၀ရက် နံနက် ၈နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ (ကြေးမုံ)



အမျိုးသား အလွတ်တန်း ဒုတိယအကြိုဗိုလ်လုပွဲတွင် M.B.Fအသင်းနှင့် တနင်္သာရီရေတပ်စခန်းဌာနချုပ် အသင်းတို့ ယှဉ်ပြိုင်စဉ်။ (ကြေးမုံ)

## ကမ္ဘာ့လူငယ်ဝူရှူးယှဉ်ပြိုင်ရန်ထွက်ခွာ

**ရန်ကုန် ဒီဇင်ဘာ ၉**

၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၈ ရက်မှ ၁၄ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် ဒုတိယအကြိမ် ကမ္ဘာ့လူငယ်ဝူရှူးတံခွန်စိုက်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ စိုင်းဆမ်ထွန်း ခေါင်းဆောင်သည့် မြန်မာလူငယ် ဝူရှူးအဖွဲ့သည် ဒီဇင်ဘာ ၈ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ **(ယာပုံ)**



မြန်မာလူငယ် ဝူရှူးအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဒေါက်တာ စိုင်းဆမ်ထွန်း (ဥက္ကဋ္ဌ၊ ဝူရှူးအဖွဲ့ချုပ်)၊ အုပ်ချုပ်သူအဖြစ် ဦးအေးချိုတူး၊ နည်းပြများ အဖြစ် ဦးအောင်သူနိုင်၊ ဦးထွန်းထွန်းဦး၊ ဒိုင်လူကြီးများအဖြစ် ဦးခွန်ဂျာအောင် (အထွေထွေအတွင်းရေးမှူး၊ ဝူရှူးအဖွဲ့ချုပ်)နှင့် ဦးခင်စိုး၊ အားကစားသမားများအဖြစ် ထောက်လု-သူရစိုး၊ ဝေဖြိုးအောင်၊ ဟိန်းဇော်၊ ရွှေရည်လင်း၊ ဝေမာထွန်းသိန်း၊ ဝင်းမော်ဦး၊ ဆန်းဆို-ဝေယံလင်းနှင့် ဖြူသီထွန်း တို့ပါဝင်ကြသည်။ မြန်မာဝူရှူးအဖွဲ့မှာ အဆိုပါပြိုင်ပွဲကို ပထမဦးဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)




**နိုဝင်ဘာ ၉ ရက်က ဒသမအကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့၏ နှစ်ပတ်လည်ညီလာခံ၌ ဥက္ကဋ္ဌ ဒေါက်တာတင်အေးက ဧရာဝတီတိုင်းလေဘေးသင့်ပြည်သူများအတွက် စွမ်းစွမ်းတမံကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သော မြန်မာနိုင်ငံဆရာဝန်အသင်း၊ အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့ (ပုသိမ်)အား ဂုဏ်ပြုမှတ်တမ်းလွှာကို ဥက္ကဋ္ဌ ဒေါက်တာကြည်ဖေနှင့် အတွင်းရေးမှူး ဒေါက်တာစစ်တင်တို့ထံ ပေးအပ်စဉ်။**

(သတင်းစဉ်)

## ကျေးလက်တံတားလုပ်ငန်း ဆောင်ရွက်

**ရေတာရှည် ဒီဇင်ဘာ ၉**

ရေတာရှည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ကျေးလက် တံတားလုပ်ငန်းများ ဖြစ်သည့် ကွန်ကရစ်ရေပြွန်တံတား လေးစင်း တည်ဆောက်ရန် ဦးစီးအရာရှိ ဦးစိုးလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသက်နိုင်ဦးတို့ ကွင်းဆင်း၍ တိုင်းတာဆောင်ရွက်ကြသည်။

(မြို့နယ်စည်ပင်)

## အ-ထ-က ပေါင်မြို့ မြတ်ဆရာပူဇော်ပွဲကျင်းပမည်

**ပေါင် ဒီဇင်ဘာ ၉**

မွန်ပြည်နယ် ပေါင်မြို့အခြခံပညာအထက်တန်းကျောင်း၌ပညာသင်ကြားပေးခဲ့ကြပြီး သက်ပြည့် အငြိမ်းစားယူခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများနှင့် ဆရာ၊ ဆရာမ ၉၀ တို့အား ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အဋ္ဌမအကြိမ်မြောက် "မြတ်ဆရာပူဇော်ပွဲ"ကို ဒီဇင်ဘာ ၂၁ ရက် တနင်္ဂနွေနေ့ နံနက် ၉နာရီတွင် အ-ထ-က ပေါင်မြို့၊ ရွှေရတုခန်းမ၌ ကျင်းပမည်ဖြစ်သည်။

မြတ်ဆရာပူဇော်ပွဲသို့ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဆရာကြီး၊ ဆရာမကြီးများအား ဂါရဝပြုအလှူငွေများကိုဒေါ်လှရီ ကျောင်းအုပ်ဆရာမကြီး အထက (ပေါင်)၊ ဦးတင်ထွန်း အထက(ပေါင်) ဖုန်း-၀၅၇-၂၄၀၅၇၊ ဦးမြင့်ထွေး အ-ထ-က(၁၀)မော်လမြိုင် ဖုန်း- ၀၅၇-၂၇၀၇၆၊ ရန်ကုန် ဦးနိုင်ချစ်ဖေ ဖုန်း-၀၁-၆၈၃၇၂၂ လိုင်းခွဲ ၄၂၀၂၊ ဒေါ်ကွန်ချစ်ချစ်ဖုန်း-၀၁-၅၅၄၉၂၆၊ ဦးသန်းရွှေ ဖုန်း - ၀၁-၅၃၉၅၅၂၊ ဒေါ်ရင်ဝင်း ဖုန်း-၀၁-၆၅၁၀၂၄ (အိမ်)၊ ၀၁-၆၁၃၅၆၄ (ရုံး)တို့သို့ ရပ်ဝေးရပ်နီးမှ တပည့်ဟောင်းများ ဆက်သွယ်လှူဒါန်းနိုင်ပြီး ဒီဇင်ဘာ ၁၉ရက် သောကြာနေ့ နံနက် ၆နာရီ ရန်ကုန်ဘူတာကြီးရှေ့မှ ပေါင်မြို့သို့ ထွက်ခွာမည့် မော်တော်ယာဉ်များနှင့် လိုက်ပါလိုသော အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီး၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဦးနိုင်ချစ်ဖေ၊ ဦးသန်းရွှေ၊ ဒေါ်ကွန်ချစ်ချစ်နှင့် ဒေါ်ရင်ဝင်းတို့ထံ ဆက်သွယ်စာရင်း ပေးသွင်းကြပါရန် နှိုးဆော်ထားကြောင်း သိရပါသည်။

(ကြေးမုံ)

**ရေဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန်လျာထားသော ရှင်မင်းနုလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ တာဝန်ရှိသူများစစ်ဆေးရာ အမှုဆောင်အရာရှိဦးထွန်းထွန်းဦးနှင့်လက်ထောက်အင်ဂျင်နီယာ ဦးဝင်းမောင်ဆွေတို့ ရှင်းလင်းပြသစဉ်။**(မြို့နယ်စည်ပင်)



## စစ်ကိုင်းတောင်ရိုးဝါးချက်ဆေးရုံကြီးတွင် မျက်စိဝေဒနာရှင်များအားကုသပေးမည်

**စစ်ကိုင်း ဒီဇင်ဘာ ၉**

စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး (ဝါးချက်) ဆေးရုံကြီးသို့ ဩစတြေးလျနိုင်ငံမှ မျက်စိ အထူးကုဆရာဝန်ကြီး ဒေါက်တာ ဂျက်ဖရီကွန်း ဦးဆောင်သော မျက်စိခွဲစိတ်အထူးကုဆရာဝန်အဖွဲ့သည် မျက်စိဝေဒနာရှင်များအား ဒီဇင်ဘာ ၁၃ရက်မှ ၂၀၀၉ ဇန်နဝါရီ ၃ရက်အထိ မျက်စိပြင်ပလူနာများ စမ်းသပ်စစ်ဆေး၍ ဒီဇင်ဘာ ၁၇ရက်မှ ၂၀၀၉ ဇန်နဝါရီ ၁ရက်အထိ မျက်စိအတွင်းလူနာများကို ခွဲစိတ်ကုသပေးမည် ဖြစ်သည်။

အဆိုပါ ဩစတြေးလျမျက်စိအထူးကု ဆရာဝန်ကြီးများအဖွဲ့သည် ၂၀၀၉ ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လများတွင်လည်း ထပ်မံ လာရောက် ကုသပေးမည့် အစီအစဉ်ရှိ၍ မျက်စိ ဝေဒနာရှင်များအနေဖြင့် ဆေးရုံ ကြီးကြပ်ထောက်ပံ့ရေးအဖွဲ့ ဖုန်း-၀၉-၂၁၃၂၀၇၆ နှင့် ၀၉-၉၀၆၀၄၂၆ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရှိရသည်။ (ကြေးမုံ)





ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ကျောက်ပန်းတောင်းမြို့ အော်တိုအိတ်ချိန်းစခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (ဆက်သွယ်ရေး)

# ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် မန္တလေးတိုင်းအတွင်းရှိ ဆက်သွယ်ရေးစခန်းများ စစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၉

**ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဒီဇင်ဘာ ၅ ရက်တွင် မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် အော်တိုအိတ်ချိန်းစခန်းသို့ ရောက်ရှိပြီး အော်တိုအိတ်ချိန်းစက်ခန်းနှင့် GSM စနစ် စက်ခန်းများကို ကြည့်ရှုစစ်ဆေးသည်။**

ဆက်လက်၍ ဝန်ကြီးသည် ဒီဇင်ဘာ ၆ ရက်တွင် ပုဂံမြို့ စာတိုက်နှင့် တယ်လီဖုန်းစခန်းနှင့် ညောင်ဦးမြို့ ဆက်သွယ်ရေးစခန်းတို့သို့ သွားရောက်၍ စာတိုက်လုပ်ငန်း ဆောင်ရွက်နေမှု၊ အော်တိုအိတ်ချိန်းစက်ခန်းနှင့် GSM စနစ် စက်ခန်းများကို ကြည့်ရှုစစ်ဆေးပြီး မိုဘိုင်းဆက်သွယ်မှုနှင့် အဝေးဆက်သွယ်မှုများ ပိုမိုကောင်းမွန်စေရေးအတွက် လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးသည် မြင်းခြံမြို့ အော်တိုတယ်လီဖုန်းစခန်းနှင့် နွားထိုးကြီးမြို့ GSM တာဝါတိုင်ဆောင်ရွက်ပြီးစီးမှု၊ GSM စခန်းသစ်နှင့် စာတိုက် အဆောက်အအုံသစ်တို့ကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ချိန်အတွင်း စံချိန်စံညွှန်းနှင့်အညီ ပြီးစီးအောင်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဆေးသိပ္ပံပညာရပ်များ လေ့လာဆည်းပူးနေသူ ကျောင်းသား၊ ကျောင်းသူများအတွက် ဇီဝဆေးသိပ္ပံ အထူးပညာရေးဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၉**

ဆေးသိပ္ပံပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ပညာရေး ဆွေးနွေးပွဲတစ်ရပ်ကို AT & S Co.,Ltd. မှ တာဝန်ယူ၍ ဒီဇင်ဘာ ၁၃ ရက် (စနေနေ့)တွင် မန္တလေးမြို့ Hotel Mandalay Hotel စံပယ်ဖြူခန်းမ၌ လည်းကောင်း၊ ဒီဇင်ဘာ၁၄ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ် ကုန်းဘောင်တကောင်း ခန်းမ၌ လည်းကောင်း ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းဆွေးနွေးပွဲတွင် စင်ကာပူနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ Health Science Authority တွင် Forensic Scientist အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပြီးစင်ကာပူ အမျိုးသားတက္ကသိုလ် (National University of Singapore)၌ တွဲဖက်ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသော Dr. Christopher Syn(Ph.D., National University of Singapore) CBiol(UK), MIBiol(UK), MASM (Australia), MASBMB(U.S.A) က "Life Science: Dead or Alive?" ခေါင်းစဉ်ဖြင့် ပညာပေး ဆွေးနွေး ဟောပြောမည်ဖြစ်သည်။

ယနေ့ ကမ္ဘာနှင့်အဝန်း၌ ရောဂါသစ်များ ထူပြောလျက်ရှိရာ ခေတ်မီဆေးပညာရပ်များနှင့်ရောဂါရှာဖွေမှု၊ ကုသမှု၊ ကာကွယ်မှုတို့တွင် ဇီဝဆေးသိပ္ပံပညာရပ်များ တတ်သိကျွမ်းကျင်မှသာ ထိရောက်သော ကျန်းမာရေး စောင့်ရှောက်မှုများကို ပေးစွမ်းနိုင်မည်ဖြစ်သည်။

ထို့ပြင် ယနေ့ခေတ်အခါတွင် လူတို့သည် မိမိတို့၏ အသက်ရှည်အနာမဲ့စွာနေထိုင်နိုင်ရန်အတွက် နေထိုင်စားသောက်မှုစနစ်ပြောင်းလဲလာသကဲ့သို့ ခေတ်မီဆေးသိပ္ပံပညာရပ်များဖြင့်လည်း မိမိတို့၏ ကျန်းမာရေးကို အထူးဂရုပြုတည်ဆောက်နေထိုင်လာသောကြောင့် ယနေ့နိုင်ငံတကာတွင် ဇီဝဆေးသိပ္ပံပညာရပ်များ ဖွံ့ဖြိုးတိုးတက်မှုသည် အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလာပြီဖြစ်သည်။

ယနေ့ခေတ် ရောဂါရှာဖွေခြင်း၊ ကုသခြင်း၊ ကာကွယ်ခြင်းတို့အတွက် နည်းလမ်းသစ်များ ဖော်ထုတ်ခြင်းသည် လူ့ကိုယ်ခန္ဓာအတွင်းရှိ ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုစီမှသည် ကိုယ်ခန္ဓာတစ်ခုလုံး၏ လုပ်ဆောင်မှုအဆင့်ဆင့်ဆိုင်ရာ ဇီဝဆေးသိပ္ပံပညာရပ်များကို ကောင်းစွာတတ်သိခြင်းအပေါ် များစွာမူတည်သည်။

ယင်းဘာသာရပ်သည် ကိုယ်ခန္ဓာအစိတ်အပိုင်းအစားထိုး ကုသခြင်း၊ မျိုးရိုးဗီဇ ပြုပြင်ပြောင်းလဲခြင်း၊ ကင်ဆာရောဂါမျိုးရိုးလိုက်တတ်သောရောဂါများနှင့် ကူးစက်ရောဂါအမျိုးမျိုးတို့ကို တိုက်ဖျက်ကုသခြင်းနည်းဗျူဟာများအတွက်ကျောထောက်နောက်ခံပြုပေးသော ပညာရပ်လည်းဖြစ်သည်။

အဆိုပါ ဇီဝဆေးသိပ္ပံပညာရပ်များတွင်ကိုယ်ခန္ဓာခုခံအားစနစ် ဟော်မုန်းထုတ်လုပ်မှုစနစ်နှင့် သက်ဆိုင်သောရောဂါများ၊ သွေးရောဂါအမျိုးမျိုးတို့၏ ဆဲလ်နှင့်မော်လီကျူးအဆင့်အသေးစိတ်ရောဂါဖြစ်စဉ်များရှာဖွေခြင်းနှင့် ကုထုံးများစသည်တို့နှင့်ပတ်သက်၍လည်း လေ့လာဆည်းပူးရမည်ဖြစ်ရာဆေးသိပ္ပံပညာနယ်ပယ်အသီးသီးမှ ကျောင်းသား၊ကျောင်းသူများသည် ဇီဝဆေးသိပ္ပံဘာသာရပ်ကို လေ့လာသိရှိရန်အထူးလိုအပ်လာပြီဖြစ်သည်။

ဖြစ်ပေါ်ပြောင်းလဲလာသောရောဂါသစ်များ ကုသရေးအတွက် ဆေးဝါးများ၏ အရည်အသွေးကို စစ်ဆေးမှု၊ ဆေးဝါးထုတ်လုပ်မှု၊ ဆေးဝါးများ ထုတ်လုပ်ဖြန့်ဖြူးစီမံခန့်ခွဲမှု၊ ဓာတုဆေးဝါးများ ပေါင်းစပ်တီထွင်နိုင်မှု စသည့် ဆေးဝါးစီမံခန့်ခွဲကျွမ်းကျင်ပညာရပ်ကိုသိရှိမှသာမှန်ကန်ထိရောက်သော ကုသမှုကို ပေးစွမ်းနိုင်မည်ဖြစ်သည်။

ထို့ကြောင့် ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးနှင့်အညီ တည်ဆောက်နေထိုင်လာကြသော မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာ၌ ရောဂါရှာဖွေခြင်း၊ ကုသခြင်း၊ ကာကွယ်ခြင်း၊ သုတေသနပြုလုပ်ခြင်း၊ ဆေးဝါးများ ထုတ်လုပ်ခြင်း၊ ဆေးဝါးများ၏ ဘေးထွက်ဆိုးကျိုးများကို စစ်ဆေးခြင်းစသည်ဖြင့် ပိုမိုနက်ရှိုင်းကျယ်ပြန့်လာသော ဆေးသိပ္ပံပညာရပ်လုပ်ငန်း နယ်ပယ်များစွာတွင် အရည်အသွေးပြည့်ဝသော ကျွမ်းကျင်ဆေးပညာရှင်အများအပြား လိုအပ်နေပေသည်။

ဤသို့ လိုအပ်နေသော ဆေးသိပ္ပံပညာရပ်များကို လေ့လာဆည်းပူးနေကြသောကျောင်းသား၊ ကျောင်းသူများအတွက် အထူးအထောက်အကူဖြစ်စေမည့် အဆိုပါ ပညာရေးဆွေးနွေးပွဲသို့ တက်ရောက်နိုင်ကြပြီး လူဦးရေ ကန့်သတ်ထားပါသဖြင့် ဆွေးနွေးပွဲ တက်ရောက်လိုပါက အဆောင်(၅) အခန်း(၄) မြန်မာအင်ဖိုတက်ခ် ဖုန်း - ၆၅၂၂၅၈၊ ၆၅၂၂၈၈၊ ၆၅၂၃၂၀ တို့သို့ လူကိုယ်တိုင်ကြိုတင်လာရောက်စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# OPEN NEWS Weekly သတင်းဂျာနယ် အတွဲ(၁)၊ အမှတ်(၁၂)ထွက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၉**

အတွဲ(၁)၊ အမှတ်(၁၂) OPEN NEWS Weekly သတင်းဂျာနယ် ထွက်ရှိလာသည်။

အဆိုပါဂျာနယ်တွင် ရွှေဒင်္ဂါးအရောင်းအဝယ်၊ ကမ္ဘာ့ကားရောင်းအားကျနေဆဲ၊ နှစ်(၂၀) ပြည့် ကမ္ဘာ့အေအိုင်ဒီအက်(စ်)နေ့ အထိမ်းအမှတ်ပွဲများကျင်းပ၊ ကမ္ဘာ့အရောင်းရဆုံး ကားသစ် ကားဟောင်း ၁၀၊ ငွေကြေးဈေးကွက်မှာ ဂျပန်ယန်းငွေ တန်ဖိုးမြင့်တက်၊ အက်(ဖ်) သုံးလုံးရဲ့နိဂုံးပိုင်းလား စသည့် သတင်းနှင့် သတင်းဆောင်းပါးများ ပါရှိပါသည်။

ထို့အပြင် Socio economics ကဏ္ဍတွင် ကြိတ်ကြိတ်တိုး အီလက်ထရွန်နစ် ဈေးရောင်းပွဲတော်၊ ကုန်တွေဈေးကျ ကားတွေ ဈေးအေး၊ Health ကဏ္ဍတွင် တီဘီရောဂါအကြောင်း သိကောင်းစရာ(၆)၊ Education ကဏ္ဍတွင် ယူကေပညာရေးပြပွဲ မြန်မာကျောင်းသားများအတွက် အထောက်အကူပြုစသည်တို့အပြင် International News ကဏ္ဍတွင် ခရက်ဒစ် ဆွစ်ဘက် အလုပ်သမား ၅၃၀၀လျှော့၊ ဥရောပဗဟိုဘဏ် အတိုးနှုန်းလျှော့၊ IT & Electronics ကဏ္ဍတွင် ဂျပန်ဈေးကွက်အား နိုကီယာလက်လျှော့၊ နံနက်စာချက်ပေးမယ့် စက်ရုပ်၊ Sports ကဏ္ဍတွင် ရွှေဘောလုံးဆုရ စီရော်နယ်ဒို၊ Arts & Entertainment ကဏ္ဍတွင် အွန်လိုင်းမင်းသမီးဘရစ်တနီ၊ ဂျိမ်းစ်ဘွန်းနှင့် ပင်လယ်ဓားပြတို့တွေ့ကြပြီ စသည့်သတင်းစုံကဏ္ဍစုံ ပါဝင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြောက်ပိုင်းဒေသများ ညအပူချိန် တိုးနိုင်

ရန်ကုန် ဒီဇင်ဘာ ၉

**ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

**လွန်ခဲ့သော ၂၄နာရီအတွင်းက** ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီ စင်တီဂရိတ်မှ ၄ ဒီဂရီ စင်တီဂရိတ်ထိ ပိုခဲ့ပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** လွိုင်လင်မြို့တွင် ၁ ဒီဂရီစင်တီဂရိတ်နှင့် နမ့်စန်မြို့တွင် ၄ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ 'မန်နာ' ပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အနောက်ဘက်သို့ ရွေ့လျားကာ အာရေဗျပင်လယ်ထဲသို့ ရောက်ရှိသွားပြီဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

**ဒီဇင်ဘာ ၁၀ ရက် ညနေထိ ခန့်မှန်းချက်။** ။ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့** အများအားဖြင့်သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့** အများအားဖြင့်သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့** အများအားဖြင့်သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

၃၃ဒသမ ဝဒီဂရီစင်တီဂရိတ် (၉၁ ဒီဂရီဖာရင်ဟိုက်) ၈-၁၂-၂၀၀၈

**အနိမ့်ဆုံးအပူချိန်**

၁၆ ဒသမ ၈ ဒီဂရီစင်တီဂရိတ် (၆၂ ဒီဂရီဖာရင်ဟိုက်) ၉-၁၂-၂၀၀၈

၉း၃၀ နာရီအချိန် စိုထိုင်းဆ ၇၉ ရာခိုင်နှုန်း ၉-၁၂-၂၀၀၈

နေပူသည့်နာရီပေါင်း (၉ ဒသမ ၆)နာရီခန့် ၈-၁၂-၂၀၀၈

# ပရဆေးဂိုဒေါင်မှပစ္စည်းများ ခိုးယူသူ ဖမ်းဆီးရမိ

**ရန်ကုန် ဒီဇင်ဘာ ၉**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့် ရဲစခန်းက ဒီဇင်ဘာ ၇ ရက်တွင် ပရဆေးဂိုဒေါင်မှ ပစ္စည်းများ ခိုးယူသူအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ဖြစ်ပွားပုံမှာ ဦးမောင်မောင်ဝင်းသည် မန်နေဂျာ ဘာဘူနှင့်အတူ ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက် ကူးတို့ဆိပ်ကမ်းရှိ ပရဆေးဂိုဒေါင်ကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ၎င်းတို့ခတ်ထားသောသော့ခလောက်မဟုတ်ဘဲ အခြားသော့နှင့် ပြောင်းခတ်ထားသည်ကို တွေ့ရှိရသဖြင့် သော့ဖျက်ပြီး ပစ္စည်းများကိုစစ်ဆေးခဲ့ကြောင်း၊ ထိုသို့စစ်ဆေးစဉ် ပရဆေးပစ္စည်း တန်ဖိုးငွေကျပ် သိန်း ၁၆၀ ခန့်တန်ပစ္စည်းများ ပျောက်ဆုံးနေသည်ကို တွေ့ရှိသဖြင့် ဒီဇင်ဘာ ၆ရက်တွင် မင်္ဂလာတောင်ညွန့်ရဲစခန်းသို့ တိုင်ကြားခဲ့ကြောင်း၊ မင်္ဂလာတောင်ညွန့် ရဲစခန်းက မထန်းဘီ (ခ) အင်ဒရာနီ **(အောက်ပုံ)** အား စစ်မေးရာ သက်သေခံပစ္စည်းများ ဖြစ်သည့် နံ့သာနီအိတ် ၅၁၀၊ နံ့သာနီအမှုန့်ခြောက်အိတ်၊ မြန်မာ့နံ့သာနီ နှစ်လက်မပတ်လည် နှစ်ပေခန့်ရှိ ၂၃တုံး၊ တရုတ်ကျောက်ချဉ်ပိဿာ ၉၀၊ ငရုတ်ကောင်းအရိုး ၁၅ အိတ်နှင့် ဆားခါးပိဿာ ၄၀ တို့ကို ဒီဇင်ဘာ ၇ရက်တွင် ပြန်လည်သိမ်းဆည်း ရမိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)







**စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ ငါးလုံးတင်ကျေးရွာရှိ စပါးခွံလောင်စာသုံး ကျေးရွာလျှပ်စစ်ဓာတ်အားပေးစက် တည်ဆောက်ပြီးစီးမှုနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဝေနေမှုတို့ကို ကြည့်ရှုအားပေးကြစဉ်။**

(သတင်းစဉ်)

# တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ချောင်းဦးမြို့နယ် ငါးလုံးတင်ကျေးရွာ၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုအားပေး၍ လိုအပ်သည်များကို ဖြည့်ဆည်းပံ့ပိုးပေး

နေပြည်တော် ဒီဇင်ဘာ ၉

**စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ် ငါးလုံးတင်ကျေးရွာ အောင်သုခ ကျေးလက်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၈ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရာ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်အားပေးကြသည်။**

ရှေးဦးစွာ ချောင်းဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်မောင်၊ ငါးလုံးတင်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြီးညိုနှင့် လမ်းဖြစ်မြောက်ရေးကော်မတီအဖွဲ့ဝင် ဦးကျော်ဆွေတို့က ကျေးရွာအဝင် အောင်သုခလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်စိုးနှင့် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် ကျေးရွာနေပြည်သူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အောင်သုခကျေးရွာလမ်းသစ်ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ငါးလုံးတင်ကျေးရွာ၌ ညှိနှိုင်းစီမံတည်ဆောက်ထားသည့် **စာမျက်နှာ ၉ ကော်လံ ၁ သို့**

## စပါးသီးနှံ အလေအလွင့်မရှိစေရေး နှိုးဆော်ချက်

၁။ စပါးအလေအလွင့်မရှိစေရန် မောင်းညိုချိန်တွင် ရိတ်သိမ်းပါ။

၂။ ရိတ်သိမ်းပြီးကောက်လှိုင်းများကို တလင်းပျောက်စနစ် ကျင့်သုံး၍ ချက်ချင်းခြွေလှေ့ပါ။ ဖြစ်နိုင်ပါက စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ပါ။

၃။ ခြွေလှေ့ပြီး စပါးများကို နေလှန်း၍ အမိုးအကာအောက် အမြန်ရောက်ရှိအောင် ဆောင်ရွက်ပါ။

၄။ ရိတ်-ခြွေ-သိမ်းလုပ်ငန်းများကို ဆက်တိုက်မဆောင်ရွက်ပါက တစ်ဧကလျှင် အနည်းဆုံးစပါး သုံးတင်း လေလွင့်ဆုံးရှုံးနိုင်သည်။ တစ်နိုင်ငံလုံးရှိ မိုးစပါးစိုက်ဧက ၁၇သန်းမှ စပါးတင်းသန်းပေါင်း ၅၁သန်း လေလွင့်ဆုံးရှုံးနိုင်သည်။ ၎င်းလေလွင့်စပါးပမာဏသည် လူဦးရေ ၃ ဒသမ ၄ သန်း တစ်နှစ်စာ စားသုံးနိုင်သည်။ ၎င်းအပြင် ထွက်ရှိလာသော ဆန်များ ဆန်အရည်အသွေး ညံ့ဖျင်းခြင်း၊ ဆန်အကျိုးအကြေများခြင်းများလည်း ဖြစ်ပေါ်စေပါသည်။

၅။ သို့ပါ၍ ရိတ်-ခြွေ-သိမ်း လုပ်ငန်းစဉ်များအတိုင်း လိုက်နာကြပါရန် ထပ်လောင်းအသိပေး နှိုးဆော်အပ်ပါသည်။

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# သွင်းကုန်အစားထိုး စက်ရက်ကန်းစင်များ ထုတ်လုပ်ပြီး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာသော ပျော်ဘွယ်မြို့နယ်မှ ကျီနီစက်မှုစံပြကျေးရွာ



သတင်းဆောင်းပါး-တင်ထွေး(သတင်းစဉ်)
ဓာတ်ပုံမှတ်တမ်း-သာညဏ်(သတင်းစဉ်)

မန္တလေးတိုင်း ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ပျော်ဘွယ်ဘူတာ၌ နိုဝင်ဘာ ၃၀ရက်က ကျင်းပခဲ့သည့် ပျော်ဘွယ်-ဘုရားငါးဆူရထားလမ်းသစ် ဖွင့်ပွဲအခမ်းအနားသို့ သွားရောက်သတင်းယူခဲ့စဉ် ပျော်ဘွယ်မြို့နယ်တစ်ခွင်မှ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုမြင်ကွင်း အဖုံဖုံကို လေ့လာသိရှိခွင့်ရခဲ့သည်။

ပျော်ဘွယ်-ဘုရားငါးဆူရထားလမ်းသစ်ဖွင့်ပွဲ အခမ်းအနားအပြီး နံနက်ပိုင်းမှာပင် ပျော်ဘွယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းဌေး(စီမံထူးချွန်တတိယဆင့်)နှင့် မြို့မိမြို့ဖတစ်ဦးဖြစ်သူ ဦးတင်ဦး(AE-အငြိမ်းစား) (စီမံထူးချွန်တတိယဆင့်)တို့၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ရန်ကုန်-မန္တလေး ကားလမ်းဘေးတစ်လျှောက်ရှိ ကျေးရွာများသို့လှည့်လည်၍ လမ်း၊ တံတား၊ ဆည်မြောင်း၊ ကန်၊ ချောင်းနှင့် စာသင်ကျောင်းတို့ကို ပြုပြင်ဆောင်ရွက်မှုနှင့် စိုက်ပျိုးပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသော သီးနှံစိုက်ခင်းများကို မျက်မြင်ကိုယ်တွေ့ သတင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ရှေးဦးစွာ ရန်ကုန်-မန္တလေး ကားလမ်းဘေး (မိတ္ထီလာဘက်သို့အထွက်)ရှိ ကျီနီကျေးရွာအုပ်စုသို့ သွားရောက်ခဲ့ကြပြီး လေးမိုင်ရှည်လျားသည့် ကျီနီ-သီးကုန်း-မင်းရွာ-သပြေရိုး-ကြို့ကုန်း ကျေးရွာချင်းဆက်လမ်း (ရန်ကုန်-မန္တလေးကားလမ်းနှင့် သီးကုန်းကျေးရွာဆက်သွယ်သည့်လမ်း) ကိုယ့်အားကိုယ်ကိုး ဖောက်လုပ်ထားမှုကို ကြည့်ရှုမှတ်တမ်းတင်ခဲ့ကြသည်။

အဆိုပါသီးကုန်း၊ မင်းရွာ၊ သပြေရိုး၊ ကြို့ကုန်းကျေးရွာများသည် ကျီနီကျေးရွာအုပ်စု၌ပါဝင်ပြီး **စာမျက်နှာ ၉ ကော်လံ ၁ သို့**

**ရန်ကုန်-မန္တလေးကားလမ်းနှင့် သီးကုန်းကျေးရွာဆက်သွယ်သည့် ကိုယ့်အားကိုယ်ကိုး ဖောက်လုပ်ထားသည့် ညီညာပြန့်ပြူးကျယ်ဝန်းသော လမ်းပေါ်တွင် ဆိုင်ကယ်များကလည်း တဝီဝီဖြင့် သွားလာနေကြသည်။**



**ပျော်ဘွယ်မြို့နယ် ကျီနီစက်မှုစံပြကျေးရွာမှ သွင်းကုန်အစားထိုးအဖြစ် ထုတ်လုပ်ပေးနေသည့် စက်ရက်ကန်းစင်လုပ်ငန်း၏ မြင်ကွင်း။**



(10-12)20.pmd 1 12/10/2008, 2:13 AM